# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (23-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက တပ်သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိမှု၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်

အယ်ဒီတာ့အာဘော်

# အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး

ယနေ့ကမ္ဘာကြီးတွင် ဆက်သွယ်ရေးနည်းပညာများတိုးတက်မြင့်မားလာသည်နှင့်အမျှ လူသားများအတွက် ကောင်းကျိုးများရရှိသကဲ့သို့ မကောင်းမှုနှင့် လိမ်ညာလှည့်ဖြားမှုများလည်း တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ အွန်လိုင်းပေါ်တွင် လောင်းကစားမှုမှအစ လူကုန်ကူးမှု၊ သတင်းတုသတင်းမှားဖြန့်ဝေမှု၊ အယောင်ဆောင်ငွေကြေးအကျိုးအမြတ်ရှာဖွေမှု စသည့်လိမ်ညာလှည့်ဖြားမှုနှင့် အွန်လိုင်းလောင်းကစားမှုမျိုးစုံတို့ ပြုလုပ်နေကြသည်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသ ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော တရားမဝင်အွန်လိုင်းလောင်းကစားမှုများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်များ တွေ့ရသည်။ အဆိုပါအွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားလုပ်ဆောင်နေကြသူများသည် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု လုပ်ဆောင်သူများသည် မြန်မာနိုင်ငံသားများမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံတချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်၍ ရင်းနှီးလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများပင်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အတူတကွဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၏ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ်အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသားတချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စိစစ်ဖော်ထုတ်ခြင်းများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်နေကြသူများသည် နယ်စပ်တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့်ကန့်သတ်ချက်များရှိသည့် ဒေသများကိုပစ်မှတ်ထား၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့်ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည့်အပြင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကိုလည်း စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပူးပေါင်းတိုက်ဖျက်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

## သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပုသိမ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၁၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာ ၁၆၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ နေကြာ ၂၁၀၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ နေကြာကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေက စနစ်တကျ ရွေးချယ်ဝယ်ယူထားတဲ့မျိုးတွေနဲ့ ဒေသမြေအနေအထား၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံတွေကို အဓိကထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် နေကြာစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် နေကြာကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အမြွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**




## တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဓာတ်ခွဲခန်း၌ စားသောက်ကုန်၊လူသုံးကုန်၊ အလှကုန်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ပေးနေ

**မန္တလေး ဇန်နဝါရီ ၂၂**

စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်လုပ်ငန်းများမှတ်ပုံတင်ဆောင်ရွက်ရာတွင် ဓာတုဓာတ်ခွဲစမ်းသပ်ခြင်းနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းတို့ကို မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်း၌ဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းက တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးအမည်များကို ဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အမျိုးအစားပေါင်း ၉၁၈ မျိုးကို ဓာတ်ခွဲစမ်းသပ်မှုပေးထားပြီဖြစ်ကြောင်း သိရသည်။

"အဓိကအားဖြင့် လုပ်ငန်းရှင်တွေထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေမှာ အန္တရာယ်ဖြစ်စေနိုင်တဲ့ဓာတုဆေးဝါးတွေ ပါဝင်မှုမရှိစေဖို့နဲ့ဈေးကွက်အတွင်း ဝင်ရောက်လာမှုမရှိစေဖို့အတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှုနှစ်မျိုးနဲ့ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဓာတ်ခွဲမှုမှာစားသောက်ကုန်လုပ်ငန်းတွေက အများဆုံးဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

ယခုဘဏ္ဍာနှစ်တွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည် ၆၂၅ မျိုးကို ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်း ၄၁၆ မျိုး၊ အဏုဇီဝဓာတ်ခွဲစမ်းသပ်ပေးခြင်း ၂၀၉ မျိုးလျာထားပြီး ဓာတ်ခွဲစမ်းသပ်ပေးနေကြောင်း၊ လက်ရှိတွင် ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် ၃၈၃ မျိုး၊ အဏုဇီဝဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် ၅၃၅ မျိုး စုစုပေါင်း ၉၁၈ မျိုးကို ဓာတ်ခွဲစမ်းသပ်ပေးခဲ့ကာ လျာထားချက်ထက်ကျော်၍ ဓာတ်ခွဲစမ်းသပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"စားသောက်ကုန်တွေမှာ ခွင့်မပြုထားတဲ့ ဓာတုဆိုးဆေးတွေပါဝင်မှုရှိ၊ မရှိ၊ စားသုံးသူတွေကိုဘေးအန္တရာယ်ဖြစ်စေမဲ့ ခဲအဆိပ်ဓာတ်ပါဝင်မှုရှိမရှိ၊ ကင်ဆာဖြစ်စေနိုင်တဲ့ အဆိပ်မှိုပါဝင်မှုရှိမရှိနဲ့ အဏုဇီဝပိုးမွှားတွေ ပါဝင်မှုရှိမရှိ စတာတွေကို ဓာတ်ခွဲစမ်းသပ်ပေးနေပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများကို ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းဓာတ်ခွဲစမ်းသပ်မှု ၃၂၄ ကြိမ်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၆၁၅ ကြိမ်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၈၇၉ ကြိမ် ဓာတ်ခွဲစမ်းသပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် ညောင်ပင်သာ(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မင်းလှ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်သာ(အနောက်)ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ညောင်ပင်သာ(အနောက်)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၆၁ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်သာ(အနောက်)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို ရန်ပုံငွေကျပ် ၆၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ရှမ်းပွဲရပ်နေ ဦးမျိုးကျော်သွင်၊ ဦးမျိုးကျော်လွင်-ဒေါက်တာ သီရိဝေ၊ သစ္စာစေတနာ ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေးနှင့် သီရိသစ္စာဟိုတယ် မိသားစုက နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဆေးပဒေသာပင် အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ပွင့်လင်းရာသီကာလ မန္တလေးတိုင်းဒေသကြီးမြို့နယ်များအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ



**မန္တလေး ဇန်နဝါရီ ၂၂**

ပွင့်လင်းရာသီကာလ မန္တလေးတိုင်းဒေသကြီး မြို့နယ်များအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းထံမှ သိရသည်။

ပွင့်လင်းရာသီကိုရောက်ရှိလာပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုအကြိမ်ရေနှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းကျဆင်းစေရန်အတွက် တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်များအလိုက် ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်းပြီး မီးဘေးလုံခြုံရေး၊ ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် စစ်ဆေးခြင်း၊ သတိပေးခြင်း၊ သရုပ်ပြသခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို လုပ်ဆောင်ပေးနေကြောင်း သိရသည်။

"မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းလုပ်ငန်းတွေကို ဇန်နဝါရီလမှ စတင်ပြီး ဆောင်ရွက်နေပါတယ်။ မန္တလေးမြို့ပေါ်မှာတော့ လူနေထူထပ်တဲ့နေရာ၊ အိမ်ခြေစိပ်တဲ့နေရာ၊ မီးသတ်ကားတွေအလွယ်တကူသွားလာနိုင်မှုမရှိတဲ့ နေရာတွေ၊ ရေရရှိမှုအခက်အခဲဖြစ်တဲ့နေရာတွေကို အဓိကဦးစားပေးပြီး တစ်အိမ်တက်ဆင်း စစ်ဆေးတာတွေ၊ အသိပေးတာတွေလုပ်ဆောင်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပြောပြသည်။

မီးလောင်မှုလျော့ချစေရေးနှင့် ကြိုတင်တားဆီး ကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် စစ်ဆေးခြင်း၊ ပညာပေးခြင်းများ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများကို တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္ဓေနှင့် အရန်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ လိုက်ပါပြီး မီးသုံးစွဲသည့် အိမ်ထောင်စုများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီးပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကိုလည်း ကာကွယ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

မျိုးကျော်

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဆုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ကျော်သူရနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေစက်ရုံနှင့် အုတ်ရေကန်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၅ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၅၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ဌာနကော်မတီက ၂၀၂၄ ခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# ကလေးခရိုင်တွင် ပဲကြီး ၇၀၅၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ကလေး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၀၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ပဲကြီးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၃၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၆၉ ဧက စုစုပေါင်း ၇၀၅၆ ဧကဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲကြီးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# သင်္ခပတ္တပျို့ (အပိုင်း- ၄)

**ဗိုလ်ရှိတ်(ရတနာပူရ)**

**❖သင်္ခပတ္တပျို့သည် ရှားပါး၍ တိမ်မြုပ်နေသော ပျို့တစ်စောင် ဖြစ်သည်။ ပုံနှိပ်မှုဖြင့်ရှိရန်နေနေသာသာ တစ်ချိန်က စာမူပင် ပျောက်ဆုံးနေခဲ့သော ပျို့တစ်စောင်ဖြစ်သည်။ ထိုသို့ ပျောက်ဆုံးနေသော သင်္ခပတ္တပျို့ပေမူကို ရှာဖွေတွေ့ရှိခဲ့သည်။ ဇင်းမယ်ပဏ္ဏာသ နောက်ခံ သင်္ခပတ္တဇာတ်တော်ကို ရေးဖွဲ့ထားသည့် သင်္ခပတ္တပျို့ကို ရှားရှားပါးပါးတွေ့ရခြင်းသာ ဖြစ်သည်။ တောင်ငူမင်းသားရေးသည့် သင်္ခပတ္တနန်းတွင်းပြဇာတ်တော်ကြီးမှာ ယခုအထိ မတွေ့ရသေးပါ။ ယခုရှာဖွေတွေ့ရှိထားသော သင်္ခပတ္တပျို့သည် ''ဘဒ္ဒကပ်ဟု၊ မြတ်သည်မှန်စွာ'' ဟူသော စကားဖြင့် အစချီထားသည်။❖**

## တောင်ငူမင်းသားနှင့် သင်္ခပတ္တပြဇာတ်

သင်္ခပတ္တနန်းတွင်းပြဇာတ်တော်ကြီးကို ရေးသားပြုစုခဲ့သော သုသီရိမဟာဓမ္မရာဇာဘွဲ့ခံ တောင်ငူမင်းသားသည် ဘိုးတော်ဗဒုံမင်းနှင့် ကိုယ်လုပ်တော် ရှင်မင်းစီတို့မှ သက္ကရာဇ် ၁၁၂၉ ခုနှစ်တွင် ဖွားမြင်ခဲ့သော သားတော်ဖြစ်သည်။ မြန်မာမဟာမင်္ဂလာမင်းခမ်းတော်ကျမ်းတွင် ငယ်မည်မောင်ရွှေအူ ဟူ၍လည်းကောင်း၊ ရွှေပြည်ဦးဘတင်၏ ဆွေတော်စဉ်မှတ်စု၌ ငယ်မည် မောင်ရွှေပုံ ဟူ၍လည်းကောင်း၊ အမှတ်အသား နှစ်မျိုးတွေ့ရသည်။ တောင်ငူမင်း၏ မယ်တော်ရှင်မင်းစီသည် စည်မျိုးရိုးဖြစ်ပြီး ဇာတိမှာ ရွှေဘိုမြို့မြောက်ဘက် ၌နွဲ့စက်ရွာနေ မောင်ပု၏သမီး ဖြစ်သည်။ ရှင်မင်းစီသည် ဘိုးတော်ဗဒုံမင်း ရှင်ဘုရင်မဖြစ်မီ အိမ်နိမ့်ဘဝကတည်းက ကံတော်ကုန်သည်။ တောင်ငူမင်းသည် ငယ်စဉ်က ကာမမြို့ကို ပထမကံကျွေးခံရသည်။ ဆင်ဖြူရှင်မြေးဒူးမင်း၏သမီးတော် ပဘာဒေဝီနှင့် စုံဖက်တော်မူသည်။ တောင်ငူမြို့ကို ဘုရင်ခံအဖြစ် ဆောင်နှင်းခံရသည်။ ဘကြီးတော် စစ်ကိုင်းမင်း နန်းတက်စ သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် မသင့်သော အကြံအစည်ကိုကြံသည်ဟု ဆိုကာ ဖမ်းဆီး၍ ရေမှာဖျောက်ခံရသည်။ တောင်ငူမင်းသားသည် ဂီတအရာ ထူးချွန်သည်။ နန်းတွင်းရာမဇာတ်တော်ကြီးကိုရေးရာတွင်လည်း ပါဝင်ရေးသားခဲ့သည်။ သင်္ခပတ္တ နန်းတွင်းပြဇာတ်တော်ကြီးကိုလည်း တောင်ငူမင်းသားသည် ရေးသားပြုစုခဲ့သည်။ ဝက်မစွတ်ဝန်ထောက်မင်း ဦးလတ်၏ မှတ်စုတွင်ပါသော ပြဇာတ်စာရင်း၌ တောင်ငူမင်းသားရေးခဲ့သော သင်္ခပတ္တ နန်းတွင်းပြဇာတ်တော်ကြီးအကြောင်းသည် ယွန်းပဏ္ဏာသကိုရေးဖွဲ့ကြောင်းသာ စာရင်းပြပြီး ရေးသူမပြထားပေ။ တောင်ငူမင်းသားသည် သင်္ခပတ္တနန်းတွင်းပြဇာတ်တော်ကြီးကို သက္ကရာဇ် ၁၁၅၁ ခုနှစ်ခန့် ဘိုးတော်ဗဒုံမင်းလက်ထက်၌ ရေးသားပြုစုပြီးခဲ့သည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ တောင်ငူမင်းသားရေးခဲ့သော သင်္ခပတ္တနန်းတွင်းပြဇာတ်တော်ကြီးကို ယခုအချိန်ထိ ရှာဖွေမတွေ့သေးသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသလို မြန်မာစာပေအတွက် ဆုံးရှုံးမှုကြီးတစ်ရပ်လည်းဖြစ်သည်။ သုတေသီများ ရှာဖွေဖော်ထုတ်သင့်ပေသည်။

## သင်္ခပတ္တပျို့

သင်္ခပတ္တပျို့သည် ရှားပါး၍ တိမ်မြုပ်နေသောပျို့တစ်စောင်ဖြစ်သည်။ ပုံနှိပ်မှုဖြင့်ရှိရန်နေနေသာသာ တစ်ချိန်ကစာမူပင် ပျောက်ဆုံးနေခဲ့သော ပျို့တစ်စောင်ဖြစ်သည်။ ထိုသို့ ပျောက်ဆုံးနေသော သင်္ခပတ္တပျို့ပေမူကို ရှာဖွေတွေ့ရှိခဲ့သည်။ ဇင်းမယ်ပဏ္ဏာသ နောက်ခံ သင်္ခပတ္တဇာတ်တော်ကို ရေးဖွဲ့ထားသည့် သင်္ခပတ္တပျို့ကို ရှားရှားပါးပါးတွေ့ရခြင်းသာ ဖြစ်သည်။ တောင်ငူမင်းသားရေးသည့် သင်္ခပတ္တ နန်းတွင်းပြဇာတ်တော်ကြီးမှာ ယခုအထိ မတွေ့ရသေးပါ။

ယခုရှာဖွေတွေ့ရှိထားသော သင်္ခပတ္တပျို့သည် ''ဘဒ္ဒကပ်ဟု၊ မြတ်သည်မှန်စွာ'' ဟူသော စကားဖြင့် အစချီထားသည်။ ပိုဒ်ရေ ၁၀၉ ပိုဒ်ရှိပါသည်။ ပျို့များတွင် ပါလေ့ပါထရှိသည့် ကျမ်းပြီးနိဂုံးများ ထည့်သွင်းဖွဲ့ဆိုထားခြင်းမရှိပေ။ ထို့ကြောင့် သင်္ခပတ္တပျို့ ရေးသူနှင့် ကျမ်းပြီးနှစ်ကို မသိရပါ။ ပေကူးနှစ်မှာ ၁၂၅၉ ခုနှစ်ဖြစ်ကြောင်း သိရပါသည်။ ကျမ်းပြီးနှစ်၊ ကျမ်းရေးသူအမည်မပါရှိသောကြောင့် သင်္ခပတ္တပျို့ကို မည်သည့်ခေတ်ကာလကရေးဖွဲ့ခဲ့သည်ကို အတိအကျပြောရန်ခက်ပါသည်။

သို့သော်လည်း သင်္ခပတ္တပျို့ရေးပြီးခေတ်ကို ခန့်မှန်းနိုင်မည့် လမ်းစတစ်ခုကို တွေ့ရပါသည်။ မုံရွေးဆရာတော်ပြုစုသော သမန္တစက္ခုဒီပနီကျမ်းတွင် ဇင်းမယ်ပဏ္ဏာသကျမ်းနှင့် ပတ်သက်သော အဆိုအမိန့်တစ်ခုကို တွေ့ရပါသည်။ ထိုကျမ်းတွင် ဇင်းမယ်ပဏ္ဏာသကျမ်းကို ပျို့အဖြစ်ရေးဖွဲ့ထားသောပျို့အမည်များကို ပြဆိုထားသည်။ ထိုအကြောင်းကို သမန္တစက္ခုဒီပနီကျမ်း၌ ''ပျို့ကဗျာလေ့လာသော ပုဂ္ဂိုလ်တို့ကသာ ကြိုက်နိုးရာရာထုတ်နုတ်၍ ဇာတ်ငါးဆယ့်ငါးတွင် နရဇီဝဇာတ်၊ အရိန္ဒမဇာတ်၊ သုဓမ္မမိတ္တဇာတ်၊ သမုဒ္ဒဃောသဇာတ်၊ သင်္ခပတ္တဇာတ်၊ မနောဟရီဇာတ်၊ ဝေပုလယသကိတ္တိဇာတ်၊ သတ္တဓနုဇာတ်၊ ရတနပဇ္ဇောတဇာတ်တို့ကို ပျို့ကဗျာအဖြစ်စပ်လေသဖြင့်" ဟူ၍ တွေ့ရပါသည်။ မုံရွေးဆရာတော်ကြီး၏ မှတ်တမ်းအရ သင်္ခပတ္တဇာတ်ကို ပျို့ကဗျာအဖြစ် ရေးဖွဲ့ခဲ့ကြောင်း သိသာသည်။ မုံရွေးဆရာတော်ကြီး သမန္တစက္ခုဒီပနီကျမ်း ရေးသားပြုစုချိန်တွင် သင်္ခပတ္တဇာတ်မှာ ပျို့အဖြစ် ရေးဖွဲ့ပြီးစီးနေပြီဖြစ်ကြောင်း ထင်ရှားသည်။ မုံရွေး ဆရာတော်ကြီးရည်ညွှန်းခဲ့သော သင်္ခပတ္တပျို့သည် ယခုရှာဖွေတွေ့ရှိထားသည့် ''ဘဒ္ဒကပ်ဟု၊ မြတ်သည်မှန်စွာ" ဟူသော သင်္ခပတ္တပျို့ကို ရည်ညွှန်းသည်ဆိုပါက ယခု ရှာဖွေတွေ့ရှိထားသော သင်္ခပတ္တပျို့သည် သမန္တစက္ခုဒီပနီကျမ်းပြီးချိန်ထက်စောကြောင်း ခန့်မှန်းနိုင်ပါသည်။

သမန္တစက္ခုဒီပနီကျမ်းပြီးချိန်သည် သက္ကရာဇ် ၁၁၇၄ ခုနှစ် ဖြစ်သည်။ ထို့ကြောင့် သင်္ခပတ္တပျို့သည် သက္ကရာဇ် ၁၁၇၄ ခုနှစ်မတိုင်မီကတည်းက ရေးသားပြုစုခဲ့သောပျို့ဖြစ်သည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့သော်လည်း မုံရွေးဆရာတော်ကြီး ရည်ညွှန်းခဲ့သည့် သင်္ခပတ္တပျို့သည် ယခုကျွန်တော်ရှာဖွေတွေ့ရှိထားသည့် ''ဘဒ္ဒကပ်ဟု၊ မြတ်သည်မှန်စွာ" အစချီ သင်္ခပတ္တပျို့ မဟုတ်ဘဲ အခြားသင်္ခပတ္တပျို့တစ်စောင် ဖြစ်မည်လော တွေးစရာလည်းရှိပါသည်။ တစ်ဖန်တွေးစရာရှိသည်မှာလည်း ရှေးခေတ်ပျို့စာရင်းများတွင် သင်္ခပတ္တပျို့ဟူ၍ တစ်စောင်တည်းသာပြဆိုထားပါသဖြင့် အမည်တူပျို့မရှိကြောင်း တွေးနိုင်ပါ သည်။ ထို့ကြောင့် မုံရွေးဆရာတော်ကြီးရည်ညွှန်းခဲ့သည့် သင်္ခပတ္တပျို့သည် ယခုရှာဖွေ တွေ့ရှိထားသည့် သင်္ခပတ္တပျို့သာဖြစ်သည် ဟု ယာယီလက်ခံထားပြီး သင်္ခပတ္တပျို့ရေးပြီးခေတ်မှာ သက္ကရာဇ် ၁၁၇၄ ခုနှစ် မတိုင်မီ ကုန်းဘောင်ခေတ်ဦးကာလ သို့မဟုတ် ညောင်ရမ်းခေတ်ကာလဟု ခန့်မှန်းချင်ပါသည်။ ညောင်ရမ်းခေတ်ကာလဟု ထည့်သွင်းခန့်မှန်းရခြင်းမှာ သင်္ခပတ္တပျို့အတွင်း၌ ညောင်ရမ်းခေတ်တွင် အသုံးများခဲ့သည့် 'ရှိ'ကို 'ဟိ'ဟု သုံးနှုန်းရေးဖွဲ့ထားသောကြောင့်ဖြစ်သည်။

## ပျို့ရေးဖွဲ့ပုံ

ရှေးက ပျို့များကိုရေးဖွဲ့ရာတွင် ဇာတ်တော်တစ်ခုကို နောက်ခံပြုရေးဖွဲ့ထားသော်လည်း ကိုယ်အလေးပေးဖွဲ့ဆိုချင်သည့်အကြောင်းကို အလေးပေးဖွဲ့ဆိုကြပါသည်။ သာဓကအားဖြင့်ဆိုရလျှင် ကုန်းဘောင်ခေတ်စာဆိုတော် ဦးနိုးရေးဖွဲ့ခဲ့သော ကိန္နရာပျို့သည် ဘလ္လာတိယဇာတ်တော်ကို ရေးဖွဲ့ထားသော်လည်း အဓိကအလေးပေးရေးဖွဲ့ထားသည်မှာ ကိန္နရာချောင်းခြားသည့် အခန်းသာဖြစ်သည်။ ယခု သင်္ခပတ္တဇာတ်ကို ရေးဖွဲ့ထားသော သင်္ခပတ္တပျို့သည် ဇာတ်တော်တစ်ခုလုံးကို စုံလင်အောင်ရေးဖွဲ့ထားသော ပျို့ဖြစ်သည်။

ပျို့ကိုရေးဖွဲ့ရာတွင် မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံး၍ သင်္ခပတ္တဇာတ်ကို ဟောတော်မူသည်မှစ၍ နောက်ဆုံးဇာတ်ပေါင်းခန်းအထိဖွဲ့ဆိုထားသည်။ ထို့ကြောင့် သင်္ခပတ္တပျို့ကို လေ့လာလိုပါက ဇင်းမယ်ပဏ္ဏာသ မြန်မာပြန်ကျမ်းများတွင် မူလပါဠိတော်ကို အလုံးစုံဘာသာပြန်ဆိုထားသော ဓမ္မာစရိယဦးစိုးမြင့်၏ ''ခေတ်မီဇင်းမယ်ပဏ္ဏာသဝတ္ထုတော်ကြီး” နှင့်ယှဉ်တွဲကြည့်ရှုမှသာ အဆင်ပြေပေမည်။ အခြားသော တက္ကသိုလ်သျှင်သီရိ၏ ဇင်းမယ်ပဏ္ဏာသမြန်မာပြန်၊ ဆရာကြီးဦးသော်ဇင်၏ ဇင်းမယ်မြန်မာပြန်တို့နှင့် ယှဉ်တွဲကြည့်ရှုရန် အဆင်မပြေပေ။ ထိုစာနှစ်အုပ်သည် ဇင်းမယ်ပဏ္ဏာသကျမ်းကို ချုံ့၍မြန်မာပြန်ထားခြင်းကြောင့်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ယသော်ဓရာဒေဝီကို အကြောင်းပြု၍ သင်္ခပတ္တဇာတ်ကို ဟောတော်မူခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို သင်္ခပတ္တပျို့ပိုဒ်ရေတစ်၌-

နတ်လူအထွတ်၊ မြတ်ထက်မြတ်ကား
တုလွတ်ဘုမ္မိ၊ ဖက်မရှိသား
သာဝတ္ထိတောင်၊ ရွှေရောင်ထွန်းပ
ဇေတဝ၌၊ သုခခြံရံ
စံတော်မူခါ၊ သံဃာထိုမျှ
စည်းဝေးကြသော်၊ နရအဖျား
တို့ဘုရားမူ၊ ပျို့ထွားနုမြစ်
ဆယ့်ခြောက်နှစ်က၊ ကျစ်လစ်လက္ခဏာ
မိဖိမ္မာကြောင့်၊ များစွာမင်းပေါင်း
ဆွေရှစ်သောင်းတွင်၊ အကြောင်းထွေထူး
ပြုလေဖူးဟု၊ ကျေးဇူးစကား
အပြားပြားကို၊ ဝန်းလျားသံဃာ
ပြောကြရာတွင်၊ မြတ်စွာဘုန်းလူ
လာတော်မူ၍၊ တူရှုရှေ့တွင်
ငါ့သဘင်ဝယ်၊ မထင်မရှား
ဘယ်စကားဟု၊ ဘုရားမိန့်ချက်
နှုတ်တော်မြွက်သော်၊ ဦးထက်ဝတ်ညောင်း
သံဃာပေါင်းတို့၊ အကြောင်းရွှေနား
လျှောက်သည်ကြားက၊ ခုကားလွယ်ကာ
မအံ့သာခဲ့၊ ကမ္ဘာရှည်ဝေး
ယခင်ရှေးက၊ မတွေးမခေါ်
မယ်တော်တို့အား၊ စွန့်ခွာသွား၍
တပါးကျွန်းမှာ၊ အိမ်ထောင်ရာဟု
ရှာကာငံ့တော်မူလတ်တည်း။ ။ ဟူ၍
ရေးဖွဲ့ထားသည်။

သင်္ခပတ္တပျို့တွင် ဇာတ်ပေါင်းခန်းကို ပိုဒ်ရေရှစ်ပိုဒ်အထိ ဖွဲ့ဆိုထားသည်။ ဇာတ်ပေါင်းခန်းကိုဖွဲ့ဆိုရာတွင် ဇာတ်တော်အတွင်းပါဝင်သည့်သူများကို အလုံးစုံစေ့အောင်ဖွဲ့ဆိုထားသည်။ ဇာတ်ပေါင်းခန်းကိုဖွဲ့ဆိုရာတွင် နှစ်ဦးလျှင် တစ်ပိုဒ်နှုန်းဖြင့်ဖွဲ့ဆိုသကဲ့သို့ တစ်ဦးလျှင်တစ်ပိုဒ်နှုန်းဖြင့် ဖွဲ့ဆိုထားသည်ကိုလည်း တွေ့ရသည်။ မျက်စိကိုဖောက်၍ လက်စွပ်နှစ်ကွင်းကို လုယူသော ပုဏ္ဏားသည် ဒေဝဒတ်ဖြစ်လာကြောင်းကို တစ်ပိုဒ်တည်း ဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ၁၀၃ ၌-

''မိစ္ဆာပုဏ္ဏား ၊ အန်ကစား၍၊ ထင်ရှားနာမ၊ ဒုတဝိတက္က၊ ဖြဟ္မဏလျှင်၊ လောဘကြီးကျင်၊ လက်စွပ်မြင်၍၊ တွင်တွင်မျက်စိ၊ ထုတ်ဘိနုတ်ယူ၊ ထိုသည်သူကား၊ မျိုးတူဆွေမျှ၊ မိဘမပြား၊ ဦးရီးသားနှင့် ၊ ဝင်၍ငါ့မှာ၊ နည်းနာခံခံ၊ ကျိုးနွံသမှု၊ လုံ့လပြု၍၊ ဘိက္ခုအရဟံ၊ ဈာန်ပုံရသော်၊ မလျော်သမှု၊ စက္ခုဒိဗ္ဗ၊ နတ်သောတကို၊ တောင့်တသောအား၊ ပယ်ရှားငါ့မှာ၊ မရာမရေ၊ သင်းခွဲနေ၍၊ ထွေထွေအကျင့်၊ မသင့်ချွတ်ယွင်း၊ မင်းနှင့်သူပျက်၊ ပေါင်းဘက်ထဲသံ၊ သေကြောင်းကြံလည်း၊ ပြန်လေကိုယ်သို့၊ ပို့လေ အပြစ်၊ ဖြစ်လေသည်သာ၊ မိစ္ဆာယူဆွတ်၊ ဒေဝဒတ်လျှင်၊ ပါယ်ရွာဝင်သည်၊ အောက်ခွင်နေရာရှိသတည်း" ဟူ၍ လက်စွပ်လုသော ပုဏ္ဏားသည် ဒေဝဒတ်ဖြစ်ကြောင်း ဇာတ်ပေါင်းဖွဲ့ဆိုထားသည်။

နောက်ဆုံးနိဂုံးပိုဒ်ရေ ၁၀၉ တွင် သင်္ခပတ္တမင်းသားသည် မြတ်စွာဘုရားဖြစ်လာကြောင်းကို အောက်ပါအတိုင်းဖွဲ့ဆိုထားသည်။

''ထိုရောအခါ၊ လောမာဒီပ ၊ နဂရကို၊ ပိုင်သစိုးနိုပ်၊ ဗိမာန်ထိပ်က၊ လရိပ်နေဝန်း၊ ထွန်းသောအလား၊ မင်းသားသင်္ခပတ္တ၊ နရထွတ်တင်၊ ပြည်ကြီးရှင်ကား၊ သုံးခွင်လောက၊ လူထိုမျှကို၊ ခေမရပ်ဘောင်၊ ပို့ရအောင်ဟု၊ အံထောင်ကြိုးစား၊ ငါးပါးစာဂ၊ မြဲလှံ့လလျက်၊ ဘဝများစွာ၊ ဖြစ်ရာရာ၌၊ သစ္စာသိမြင်၊ ဗောဓိပင်၌၊ အောင်မြင်စေကြောင်း၊ ဆုယူတောင်း၍၊ အပေါင်းကာလ၊ လွန်ပြီးမှလျှင်၊ ဒါနသာညီ၊ မြေကပ္ပိဝယ်၊ မဟီပတိ၊ ဘုန်းဟီသုဒ္ဓေါ်၊ တေဇာဝတ်စင်း၊ ထိုသည်မင်းတွင်၊ သက်နှင်းတောင်ညာ၊ ရွှေသိင်္ဂါတွင်၊ မာယာတုလွတ်၊ ရှစ်သောင်းနတ်၏၊ သည်းပွတ်ဝမ်း၌၊ ကိန်းပိုက်သန္ဓေ၊ နေသည့်နေ့က၊ ဒေဝမိုးနတ်၊ စောင့်ကြပ်မကွာ၊ ဖွားသောခါလည်း၊ ဖြဟ္မာမိုးဝ၊ လာကုန်ကြ၍၊ မရဘက်လွတ်၊ ဗောဓိသတ်၏၊ စက်မြတ် လက္ခဏာ၊ အစုံပါလျက်၊ ကြီးခါအရွယ်၊ မွေးလေမင်းပေါင်၊ အာဏာဆောင်လျက်၊ ရွှေတောင်နန်းမှ၊ စံပြီးမှလျှင်၊ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာမှ၊ ဘုမ္မိထွတ်တင်၊ ဗောဓိပင်၌၊ သိမြင်သစ္စာ၊ မဟာသဗ္ဗညု၊ အတုလွတ်ထား၊ ထေရ်များဆရာ၊ ယခုငါသည်၊ တေဇာမိုးနှင့် တူရှိတည်း''

နိဂုံးချုပ်ဆိုရလျှင် သင်္ခပတ္တပျို့သည် ဇင်းမယ်ပဏ္ဏာသကျမ်းလာ သင်္ခပတ္တဇာတ်ကို ဖွဲ့ဆိုထားသော ရှားပါးသည့် ပျို့တစ်စောင်ဖြစ်သည်။ ထို့အတူ ပေမူဘဝဖြင့် တိမ်မြုပ်နေသော ပျို့တစ်စောင်လည်း ဖြစ်သည်။ သင်္ခပတ္တပျို့ကို မြန်မာစာပေချစ်မြတ်နိုးသူများ လေ့လာ၍ရအောင်၊ ရှေးခေတ်ပျို့စာပေ တစ်စောင်ကို တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိအောင် ပေမူမှသည် ပုံနှိပ်မူသို့ရောက်အောင် ပို့ဆောင်သင့်သော ပျို့တစ်စောင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးထား လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပွင့်ဖြူ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၀၅၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၀၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ဧကနှစ်သောင်းကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧကငါးသောင်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့နဲ့ အထွက်နှုန်းတွေကောင်းမွန်အောင် တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ကုလားပဲက ဈေးကွက်ရှိတာကြောင့် တောင်သူတွေကနှစ်စဉ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝသွင်းအားစုများကိုယ်တိုင်ထုတ်လုပ် သုံးစွဲတတ်စေရေး၊ သီးနှံအထွက်နှုန်းများတိုးတက်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစေရုံမျှမကပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ရာသီအလိုက် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မိုင်းယောင်းမြို့နယ် ဝမ်ဒေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယောင်း ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် ( အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ရာခိုင်နှုန်းဖြင့် ဝမ်ဒေကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဝမ်ဒေကျေးရွာ၌ အရှည်ပေ ၃၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

အဆိုပါ ဝမ်ဒေကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ရရှိလာသည့် အတိုးရငွေကျပ် ၁၂ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၄၄ သိန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

## ပြည်ထောင်စု၏ ရတနာ

\- ပင်လုံစိတ်ထား နှလုံးသား၌
ဝင့်ကြွားခိုင်မာ ရပ်တည်လာ၍
မြန်မာတို့ပြည် လွတ်လမ်းဆီသို့
ညီတူညီမျှ ရခဲ့ရ
ပြည်ထောင်စု၏ ထိုအလှ။

\- သွေးခွဲသပ်လျှို ရန်ထိုထိုအား
ကြည်ညိုမရှိ ထိုအသိဖြင့်
ပြည့်တွက်မြော်တွေး လွတ်လပ်ရေးကို
တို့သွေးချင်းများ စည်းလုံးအားဖြင့်
နိုးကြားလုစွာ လွတ်လမ်းသာကို
ညီညာတွဲလက် ခိုင်ခိုင်ယှက်၍
လွတ်လပ်ခဲ့သည် တို့မြန်ပြည်။

\- လူမျိုးအလိုက် ကိုယ့်စရိုက်နှင့်
ဖိုးထိုက်ပါသော စိတ်မနောဖြင့်
ဆိုပြောဓလေ့ တူစုံမွေ့ကာ
ယနေ့မြန်မာ ပြည်ထောင်သာသည်
ရှည်ကြာမြဲခိုင် တို့သဲ(သည်း)စိုင်ဝယ်
နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဖြင့်
အတိတ်အခြေ ပင်လုံမြေမှ
အမွေရလာ စိတ်ဓာတ်မှာ
ပြည်ထောင်စု၏ ရတနာ။ ။

**မောင်လေပြေ(တောင်တွင်း)**


ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# ပနားမားတူးမြောင်းကို သိမ်းယူမည်ဟူသောဒေါ်နယ်ထရန့်ခြိမ်းခြောက်မှု ပနားမားနိုင်ငံ ကုလသမဂ္ဂကို တိုင်ကြားထား




**ပနားမားစီးတီး ဇန်နဝါရီ ၂၂**

ပနားမားတူးမြောင်းကို သိမ်းယူမည်ဟူသော အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်၏ ခြိမ်းခြောက်မှုကို ပနားမားနိုင်ငံက ကုလသမဂ္ဂကိုတိုင်ကြားထားသည်။

အဆိုပါ တိုင်ကြားချက်ကို ပနားမားအစိုးရက ဇန်နဝါရီ ၂၁ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏နယ်မြေတည်တံ့ခိုင်မြဲမှု၊ နိုင်ငံရေးလွတ်လပ်မှုကို ကုလသမဂ္ဂပဋိညာဉ်အရ အခြားမည်သည့်နိုင်ငံကမျှခြိမ်းခြောက်ခွင့်၊ အင်အားအသုံးပြု ဖျက်ဆီးခွင့်မရှိကြောင်း ပနားမားအစိုးရ၏တိုင်စာ၌ဖော်ပြထားသည်။

ပနားမားတူးမြောင်းလုပ်ငန်းလည်ပတ်မှု၌ တရုတ်နိုင်ငံ ပိုမိုပါဝင်လာမှုကြောင့် ယင်းတူးမြောင်းကို အမေရိကန်နိုင်ငံက ပြန်လည်ရယူရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်း၏ကျမ်းသစ္စာကျိန်ဆိုသည့် မိန့်ခွန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ပနားမားတူးမြောင်းကို နှစ်ပေါင်းများစွာ ထိန်းချုပ်ခဲ့ပြီးနောက် ၁၉၉၉ ခုနှစ်တွင် ပနားမားနိုင်ငံလက်သို့ တရားဝင်လွှဲပြောင်းပေးထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ပနားမားတူးမြောင်းကို အများဆုံးအသုံးပြုသည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံမှာ ဒုတိယအများဆုံး အသုံးပြုသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မဲဆန္ဒနယ် နယ်နိမိတ်ပြန်လည်သုံးသပ်ရေး ကော်မရှင် စင်ကာပူဝန်ကြီးချုပ်ဖွဲ့စည်း

**စင်ကာပူ ဇန်နဝါရီ ၂၂**

စင်ကာပူဝန်ကြီးချုပ် လော့ရင့်ခ်ဝေါင်သည် မဲဆန္ဒနယ်မြေများ ပြန်လည် သုံးသပ်ရေးအတွက် ကော်မရှင်တစ်ရပ် ဖွဲ့စည်းထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မဲဆန္ဒနယ်မြေ နယ်နိမိတ်စည်းများသုံးသပ်ရေးကော်မရှင်ကို စင်ကာပူဝန်ကြီးချုပ်က ဖွဲ့စည်းထားခြင်းသည် မကြာမီကာလအတွင်း စင်ကာပူနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် လက္ခဏာဖြစ်သည်။

မဲဆန္ဒနယ်မြေ နယ်နိမိတ်စည်းများ ပြန်လည်သုံးသပ်ရေးကော်မရှင်၏သုံးသပ်ချက်ထွက်ပေါ်ပြီး နှစ်လအတွင်း စင်ကာပူနိုင်ငံသည် အထွေထွေရွေးကောက်ပွဲ ကျင်းပလေ့ရှိသည်။

စင်ကာပူနိုင်ငံသည် ယခုနှစ် နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပရမည်ဖြစ်သော်လည်း ဝန်ကြီးချုပ်လော့ရင့်ခ်ဝေါင်အနေဖြင့် ရွေးကောက်ပွဲကို ပုံမှန်ထက်စော၍ ကျင်းပပေးခွင့်ရှိသည်။

ယခုနှစ်အတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ လက်ရှိအာဏာရပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ)ကသာ ဆက်လက်အနိုင်ရရန်သေချာသလောက်ရှိသည်။

ပြည်သူ့လှုပ်ရှားမှုပါတီသည် စင်ကာပူနိုင်ငံ လွတ်လပ်ရေးရရှိချိန် ၁၉၆၅ ခုနှစ်မှစ၍ ရွေးကောက်ပွဲတိုင်း၌ အနိုင်ရခဲ့သော ပါတီဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



# မူအန်လေဆိပ်မှ ကွန်ကရစ်စည်းရိုးများ တောင်ကိုရီးယားနိုင်ငံ ဖယ်ရှားမည်

**ဆိုးလ် ဇန်နဝါရီ ၂၂**

မူအန် နိုင်ငံတကာလေဆိပ်၌ တပ်ဆင်ထားသည့် ကွန်ကရစ်စည်းရိုးများကို ဖယ်ရှားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂျီဂျူ လေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်း မူအန်နိုင်ငံတကာလေဆိပ်၌ ပြီးခဲ့သည့်လက ပျက်ကျခဲ့ပြီးနောက် ယင်းလေဆိပ်ရှိ ကွန်ကရစ်စည်းရိုးများကိုဖယ်ရှားရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

မူအန်လေဆိပ်၌ ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၉ရက်က ပျက်ကျခဲ့ရာ လိုက်ပါလာသူ ၁၈၁ ဦးအနက် ၁၇၉ ဦး သေဆုံးခဲ့ရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် မူအန်လေဆိပ်၌ ဝမ်းဗိုက်ဖြင့်ရှပ်၍ဆင်းသက်စဉ် လေဆိပ်ကွန်ကရစ်စည်းရိုးတစ်ခုနှင့် ဝင်တိုက်ခဲ့ပြီးနောက် ပေါက်ကွဲမီးလောင်ခဲ့ရခြင်းဖြစ်သည်။

ဂျီဂျူလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ပျက်ကျမှုသည် တောင်ကိုရီးယားနိုင်ငံအတွက် နှစ်ပေါင်း ၃၀အတွင်း အဆိုးရွားဆုံးလေကြောင်းမတော်တဆမှုဖြစ်ခဲ့ရသည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားတာဝန်ရှိသူများသည် ဂျီဂျူလေကြောင်းလိုင်းခရီးသည်တင်လေယာဉ်မတော်တဆမှုကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဧဝရက်တောင် တက်ရောက်ခွင့် အခကြေးငွေကို ၃၅ ရာခိုင်နှုန်းကျော်မြှင့်တင်ရန် နီပေါနိုင်ငံစီစဉ်

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၂**

ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ပေးဆောင်ရမည့်အခကြေးငွေကို ၃၅ ရာခိုင်နှုန်းကျော်မြှင့်တင်ရန် နီပေါနိုင်ငံက စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။



လက်ရှိအချိန်တွင် နီပေါနိုင်ငံသည် ဧဝရက်တောင်တက်ရာသီများ၌ ဧဝရက်တောင်ထိပ် တက်ရောက်ရေးအတွက် အခကြေးငွေကို တောင်တက်သမားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၁၀၀၀ထိ ကောက်ခံလျက်ရှိသည်။

သို့ရာတွင် ယခုနှစ် စက်တင်ဘာလမှစ၍ ဧဝရက်တောင်တက်ရောက်ခွင့်အတွက် ကောက်ခံသည့် အခကြေးငွေကို ၃၅ ရာခိုင်နှုန်းကျော်ထိမြှင့်တင်၍ တောင်တက်သမားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ထိ ကောက်ခံမည်ဖြစ်ကြောင်း နီပေါခရီးသွားလာရေးလုပ်ငန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဧဝရက်တောင် တက်ရောက်ခွင့်အခကြေးငွေများနှင့် တောင်တက်ခရီးစဉ်အတွက် တောင်တက်သမားများ သုံးစွဲသည့်ငွေကြေးများသည် နီပေါနိုင်ငံ၏ အဓိကနိုင်ငံခြားငွေအရင်းအမြစ်ဖြစ်သည်။

ကမ္ဘာ့အမြင့်ဆုံးတောင် ၁၄ လုံးအနက် ဧဝရက်တောင်အပါအဝင် ရှစ်လုံးသည် နီပေါနိုင်ငံ၌ တည်ရှိသည်။

နိုင်ငံတကာမှ တောင်တက်သမား ရာပေါင်းများစွာတို့သည် ဧဝရက်တောင်ထိပ်သို့တက်ရောက်ရန် နှစ်စဉ်ကြိုးပမ်းလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နူဆန်တာရာမြို့တော်သစ်အတွက် ၂၀၂၉ ခုနှစ်ထိ ဒေါ်လာနှစ်ဘီလီယံကျော် အင်ဒိုနီးရှားသုံးစွဲမည်

**ဂျကာတာ ဇန်နဝါရီ ၂၂**

နူဆန်တာရာ မြို့တော်သစ်တည်ဆောက်ရေးစီမံကိန်းအတွက် ၂၀၂၉ ခုနှစ်ထိ ရူပီး ၄၈ ဒသမ ၈ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ဘီလီယံ)သုံးစွဲရန် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယင်းအပြင် ၂၀၂၈ ခုနှစ်အရောက်တွင် နူဆန်တာရာ မြို့တော်သစ် အစိုးရအဖွဲ့ကို ရွှေ့ပြောင်း အခြေစိုက်ရန်လည်း သမ္မတ ပရာဘိုဝိုဆူဘီယန်တိုက စီစဉ်ထားကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

နူဆန်တာရာမြို့တော်သစ်ကို အင်ဒိုနီးရှားသမ္မတလောင်း ဂျိုကိုဝီဒိုဒိုလက်ထက် ၂၀၂၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘော်နီယိုကျွန်းပေါ်၌ တည်ရှိနေသော နူဆန်တာရာမြို့တော်သစ်အတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၂ဘီလီယံထိရှိနိုင်ကြောင်း သိရသည်။

ဂျာဗားကျွန်းပေါ်ရှိ လက်ရှိနိုင်ငံမြို့တော်ဖြစ်သည့် ဂျကာတာမြို့မှာမြေအောက်ကျွံဝင်မှုပြဿနာ၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာများနှင့် ရင်ဆိုင်နေရမှုကြောင့် ဘော်နီယိုကျွန်းပေါ်၌ နူဆန်တာရာမြို့တော်သစ်ကို တည်ဆောက်နေခြင်းဖြစ်သည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည် နူဆန်တာရာမြို့တော်သစ်အတွက် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ကာလအတွင်း ရူပီးငွေ ၇၅ ဒသမ ၈ ထရီလီယံသုံးစွဲခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်း Space-X ကုမ္ပဏီလွှတ်တင်




**ဝါရှင်တန် ဇန်နဝါရီ ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၇ စင်းကို ဇန်နဝါရီ ၂၁ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။


ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၁ ဒသမ ၅ မိနစ် အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇန်နဝါရီ ၂၁ ရက်မစ်ရှင်သည် Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ပေါက်ကွဲခဲ့ပြီးနောက်ပိုင်း ပထမဆုံးမစ်ရှင်ဖြစ်သည်။

Space-X ကုမ္ပဏီသည် ဇန်နဝါရီ ၁၆ ရက်တွင် Starship ဒုံးပျံကို သတ္တမအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ရာ ထိပ်ဖူးအဆင့်ဒုံးယာဉ်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## WASP-127 b ဂြိုဟ်တစ်စင်း၏ အီကွေတာရပ်ဝန်း၌ လေတိုက်နှုန်းအလွန်ပြင်းထန်သည့် ဂျက်လေစီးကြောင်းများတိုက်ခတ်နေ



**ဘာလင် ဇန်နဝါရီ ၂၂**

WASP-127 b အမည်ရှိနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း၏ အီကွေတာရပ်ဝန်း၌ လေတိုက်နှုန်းအလွန်ပြင်းထန်သည့် ဂျက်လေစီးကြောင်းများတိုက်ခတ်နေကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

WASP-127 b ဂြိုဟ်အီကွေတာရပ်ဝန်းမှ ဂျက်လေစီးကြောင်းများသည် မြန်နှုန်းအားဖြင့် ကမ္ဘာပေါ်ရှိ အသံ၏မြန်နှုန်းထက် အဆ ၃၀ ခန့် ပိုမြင့်မားကြောင်း ဂျာမနီနိုင်ငံ ဂိုသမ်ဘာ့ဂ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

WASP-127 b ဂြိုဟ်၏ အီကွေတာရပ်ဝန်းရှိ ဂျက်လေစီးကြောင်းများ၏ လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ကိုး ကီလိုမီတာ (တစ်နာရီ မိုင် ၂၀၅၀၀) ထိ ရှိကြောင်း ဂျာမနီသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

WASP-127 b ဂြိုဟ်၏ အီကွေတာရပ်ဝန်း ဂျက်လေစီးကြောင်းများသည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များပေါ်၌ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ဂျက်လေစီးကြောင်းများအနက် အမြန်ဆုံးဂျက်လေစီးကြောင်းများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နှိုင်းယှဉ်ကြည့်ပါက နေအဖွဲ့အစည်းအတွင်းရှိ နက်ပကျွန်းဂြိုဟ်ပေါ်မှ ဂျက်လေစီးကြောင်းများ၏ မြန်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၂၀၀ ခန့်ရှိပြီး ကမ္ဘာပေါ်ရှိ ဂျက်လေစီးကြောင်းများမှာ တစ်နာရီလျှင် ၂၇၅ မိုင်ထိသာ မြန်နှုန်းရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်သိပ္ပံပညာရှင်များက လမျက်နှာပြင်ပေါ်ရှိ အာကာသယာဉ်များကို လပတ်လမ်းပေါ်ရှိဂြိုဟ်တုများဖြင့် စွမ်းအင်ဖြည့်ပေးနိုင်မည့်နည်းလမ်းကြံဆနေ

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်သိပ္ပံပညာရှင်များသည် လမျက်နှာပြင်ပေါ်ရှိ အာကာသယာဉ်များကို လပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများဖြင့် စွမ်းအင်ဖြည့်ပေးနိုင်မည့် နည်းလမ်းကို ကြံဆနေကြောင်း ဇန်နဝါရီ၂၁ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် လပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများမှ တစ်ဆင့် ကြိုးမဲ့လေဆာစွမ်းအင်လွှဲပြောင်းမှုနည်းပညာဖြင့် လမျက်နှာပြင်ပေါ်ရှိ အာကာသယာဉ်များကို စွမ်းအင်ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားသည်။

ကြိုးမဲ့ လေဆာစွမ်းအင် လွှဲပြောင်းမှု နည်းပညာသည် လကမ္ဘာပေါ်၌ညကာလကျရောက်ချိန်များ၌ လမျက်နှာပြင်ပေါ်ရှိ အာကာသယာဉ်များကို စွမ်းအင်ဖြည့်ဆည်းပေးရာတွင် အသုံးချနိုင်သည့် နည်းပညာတစ်ရပ်ဖြစ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

လကမ္ဘာပေါ်၌ ညကာလသည် ကမ္ဘာမြေရက်အားဖြင့် ၁၄ ရက်ကြာမြင့်တတ်ပြီး အပူချိန်အတက်အကျ အလွန်ပြင်းထန်တတ်ကြောင်း သိရသည်။

လကမ္ဘာ၏ နေ့ကာလများတွင် အာကာသယာဉ်များကို နေစွမ်းအင်ဖြင့် စွမ်းအင်ဖြည့်ဆည်းပေးနိုင်သော်လည်း လကမ္ဘာညပိုင်းကာလများတွင်မူ အာကာသယာဉ်များအတွက် စွမ်းအင်ဖြည့်ဆည်းနိုင်ရေးမှာ ပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီး အဆိုပါပြဿနာကို လပတ်လမ်းဂြိုဟ်တုများဖြင့် ကြိုးမဲ့လေဆာစွမ်းအင်လွှဲပြောင်းမှုနည်းပညာဖြင့် ဖြေရှင်းနိုင်ဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကြွက်သားများအတွင်း ခိုအောင်းနေသည့် အဆီများကြောင့် နှလုံးရောဂါဖြင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် ဇန်နဝါရီ ၂၂**

ကြွက်သားများအတွင်း ခိုအောင်းနေသည့် အဆီများကြောင့် ကိုယ်အလေးချိန် မည်သို့ရှိသည်ဖြစ်စေ နှလုံးရောဂါဖြင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

လူ့ကိုယ်တွင်းကြွက်သားများအတွင်းရှိ အဆီလွှာများနှင့် ၎င်းအဆီဓာတ်များ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုတို့ကို ဆေးပညာရှင်များအနေဖြင့် များများစားစား နားလည်ခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ ကြွက်သားများအတွင်းရှိအဆီများသည် ရောင်ရမ်းမှုပြဿနာ၊ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်းကျဆင်းမှုပြဿနာများနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း သိရသည်။

ရောင်ရမ်းမှုနှင့် အင်ဆူလင်ဟော်မုန်းတုံ့ပြန်နိုင်မှုကျဆင်းခြင်းတို့ကြောင့် နှလုံးဝန်းကျင်ရှိ သွေးကြောများပျက်စီး၍ နှလုံးဖောက်နိုင်ခြေနှင့် နှလုံးရပ်နိုင်ခြေများမြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ကြွက်သားများအတွင်း အဆီပါဝင်မှုမြင့်မားသူများတွင် နှလုံးဆီသို့ သွေးပို့ဆောင်ပေးသည့် သွေးကြောငယ်များပျက်စီးလာနိုင်ခြေ၊ နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေနှင့် ဆေးရုံတက်ရနိုင်ခြေများလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၆၆၉ ဦးတို့၏ နှလုံးလည်ပတ်ပုံနှင့် ကြွက်သားများအတွင်း အဆီစုစည်းမှုအဆင့်တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများ၌ ဘေးထွက်ဆိုးကျိုးများရှိနေ

**နယူးယောက် ဇန်နဝါရီ ၂၂**

Ozempic နှင့် Wegovy ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများ၌ ဘေးထွက်ဆိုးကျိုးများရှိနေကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါကိုယ်အလေးချိန်လျှော့ချရေးဆေးများကို သုံးစွဲသူများတွင် ပန်ကရိယဂလင်းအိတ်များ ရောင်ရမ်းမှုပြဿနာ(Pancreatitis) ပေါ်လာနိုင်ခြေ နှစ်ဆမြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ကိုယ်အလေးချိန်လျှော့ချရေးဆေးများကြောင့် အရိုးအဆစ်ရောင်ရမ်းမှုရောဂါ(Arthritis)ဖြစ်နိုင်ခြေလည်း ပုံမှန်ထက် ၁၁ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ozempic နှင် Wegovy ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများ၏ အကျိုးကျေးဇူးမှာ ကျယ်ပြန့်သော်လည်း မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများရှိလာနိုင်မှုကို အသိအမှတ်ပြုရန်လိုကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**





## နိုင်ငံတကာ အားကစားသတင်းများ

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ်တက်ရောက်



**မဲလ်ဘုန်း ဇန်နဝါရီ ၂၂**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယား တင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၄-၆၊ ၆-၄၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ တင်းနစ်လောက၏ အကောင်းဆုံးကစားသမားစာရင်းဝင်နေသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ ယှဉ်ပြိုင်မှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက်ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ကို အကြိမ် ၅၀ မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဂျိုကိုဗစ်သည် တင်းနစ်လောက၏ ဂရန်းစလန်းဆုဖလားအများဆုံးရရှိထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခွင့်ရရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာခဲ့ပြီလည်းဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် ကွာတားဖိုင်နယ်တွင် ပထမပွဲငယ်၌ ရှုံးနိမ့်ခဲ့ရသလို ကြွခိုင်မှုပြဿနာကြောင့်လည်း ပုံမှန်လက်စွမ်းအတိုင်း ကစားနိုင်ခဲ့ကြောင်း တွေ့ရသည်။

ပထမပွဲငယ်အပြီးတွင် ဆေးကုသမှုခံယူရန်အတွက် Break Times ယူခဲ့ရပြီး လိုအပ်သော ဆေးကုသမှုပြုလုပ်ခဲ့ပြီးမှ ဒုတိယပွဲငယ်အားဆက်လက်ကစားနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်က "အယ်ကာရက်ဇ်နဲ့ ကျွန်တော့်ရဲ့ပွဲစဉ်ဟာ ဒီနှစ်ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲလို့ သတ်မှတ်နိုင်တယ်။ အထူးသဖြင့် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲမှာ ကျွန်တော်တို့ရဲ့ ပွဲစဉ်ကအကောင်းဆုံးပွဲစဉ်တစ်ပွဲလို့ သတ်မှတ်နိုင်ပါတယ်။ အယ်ကာရက်ဇ်က လူငယ်တစ်ဦးပီပီ စွမ်းအင်အပြည့်နဲ့ ကစားနိုင်ခဲ့သလို သူ့ရဲ့နိုင်လိုစိတ်ပြင်းပြမှုကြောင့်လဲ သူနဲ့ယှဉ်ပြိုင်ကစားရတာ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဘောလုံးလောကတွင် အသင်းဝင်ငွေစတာလင်ပေါင် ဘီလီယံနှင့်ချီရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ် ရီးရဲလ်မက်ဒရစ်အသင်း မှတ်တမ်းဝင်



မက်ဒရစ် ဇန်နဝါရီ ၂၂

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် အသင်းဝင်ငွေစာရင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဘောလုံးလောကတွင် ဘောလုံးရာသီ တစ်ခုအတွင်း အသင်းဝင်ငွေ စတာလင်ပေါင် ဘီလီယံနှင့်ချီပြီးရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြအန်ဆယ်လော့တီ လက်အောက်တွင် စပိန်လာလီဂါပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင်လည်း ဒေါ့မွန်အသင်းကိုအနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အပြင် စပိန်စူပါဖလား၊ ဖီဖာကလပ်ကမ္ဘာ့ ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဆုကြေးငွေများအပြင် အခြားစပွန်ဆာဝင်ငွေများ၊ ရုပ်သံထုတ်လွှင့်ခွင့်မှ ဝင်ငွေများစသည့် ဝင်ငွေအများအပြားရရှိခဲ့ပြီးနောက် ဘောလုံးရာသီတစ်ခုအတွင်း စံချိန်တင်အသင်းဝင်ငွေများရရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီအတွက် အသင်းဝင်ငွေစာရင်းရှင်းတမ်းများကို ထုတ်ပြန်ခဲ့ရာတွင် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် အသင်းဝင်ငွေ စတာလင်ပေါင် ၁ ဒသမ ဝ၆၅ ဘီလီယံထိရရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကထက် ၂၈ ရာခိုင်နှုန်းထိပိုမိုများပြားလာခဲ့ပြီးနောက် ဘောလုံးလောကတွင် တစ်ရာသီအတွင်းအသင်းဝင်ငွေစတာလင်ပေါင်ဘီလီယံနှင့်ချီပြီးရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အသင်းဝင်ငွေအများဆုံးရရှိခဲ့သည့် အသင်းများစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းနောက်၌ မန်စီးတီးအသင်းက ၈၃၈သန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ပီအက်စ်ဂျီအသင်းက ၈၀၆သန်းဖြင့် တတိယနေရာတွင်လည်းကောင်း၊ အင်တာမီလန်အသင်းက ၃၃၉ သန်းဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ ပီအက်စ်ဗွီအသင်းက ၁၅၂ သန်းဖြင့် ပဉ္စမနေရာတွင်လည်းကောင်း ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : Opta
Trs : STA

# ဘင်ဖီကာအသင်းကိုနောက်ကျသွင်းဂိုးဖြင့်အနိုင်ယူ၍ ဘာစီလိုနာအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တက်ရောက်



**ဘာစီလိုနာ ဇန်နဝါရီ ၂၂**

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် ဘင်ဖီကာအသင်းကို နောက်ကျသွင်းဂိုးသွင်းယူကာ ငါးဂိုးလေးဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် ဘင်ဖီကာအသင်းက တိုက်စစ်မှူး ပါဗလီဒစ်၏ ဟက်ထရစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဘာစီလိုနာအသင်းက ပွဲချိန် ၁၃ မိနစ်တွင် လီဝမ်ဒေါစကီး၏ ချေပဂိုးကြောင့် သုံးဂိုးတစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်းက ချေပဂိုးရရှိရေးတိုက်စစ်မြှင့်တင်လာသောကြောင့် ပွဲချိန် ၆၄ မိနစ်တွင်ရာဖင်ဟာက ခေါင်းတိုက်သွင်းယူခဲ့သော်လည်း ဘင်ဖီကာအသင်းတိုက်စစ်ကောင်းမွန်မှုကြောင့် ပွဲချိန် ၆၈ မိနစ်တွင် ဘာစီလိုနာအသင်းမှ အာရူဂျိုကိုယ့်ဂိုးကို သွင်းယူခဲ့ရာ လေးဂိုးနှစ်ဂိုးဖြင့် ရှုံးနေသဖြင့် ဖိအားအောက်ရောက်ခဲ့ပြီး ပွဲချိန် ၇၈မိနစ်တွင်လီဝမ်ဒေါစကီးပွဲချိန် ၈၆ မိနစ်တွင် ဂါစီယာ၊ ပွဲချိန်မိနစ် ၉၀ ကျော်တွင် ရာဖင်ဟာတို့၏ နောက်ကျသွင်းဂိုးများကြောင့် ဘာစီလိုနာအသင်း ငါးဂိုးလေးဂိုးဖြင့် အနိုင်ရခဲ့ကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘက်တစ်အသင်းက မန်ယူအသင်းတောင်ပံကစားသမား အန်တိုနီကိုခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သော်လည်း အပြီးသတ်ဝယ်ယူခွင့်မပါရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒေါ့မွန်အသင်းက ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လေးပွဲဆက်ရှုံးနိမ့်ခဲ့သည့် နည်းပြဆာဟင်ကို ဒေါ့မွန်အသင်းက ထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- အေစီမီလန်အသင်းက မန်စီးတီးအသင်း ခံစစ်ကစားသမား ဝေါ်လ်ကာကို ၁၂ လ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- လက်ချီအသင်းမှ ပက်ထရစ်ဒိုဂူကို မန်ယူအသင်းမှခေါ်ယူရန် ကစားသမား၏ကိုယ်စားလှယ်များနှင့် ဆွေးနွေးနေကြောင်း လက်ချီအသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ML

# Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကာကွယ်သွားမည်ဖြစ်ကြောင်း ပြင်သစ်ကစားသမားပါဗွန်ပြောကြား

**ဆန်ဒီယေဂို ဇန်နဝါရီ ၂၂**

အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့တွင်ကျင်းပမည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ပါဗွန် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ပါဗွန်သည် ၂၀၂၄ ခုနှစ် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးသော ချန်ပီယံဆုရရှိသည့် ပြင်သစ် ဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူလည်းဖြစ်သည်။

ပါဗွန်သည် ၂၀၂၄ ခုနှစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမားနီကိုလိုင်အား တစ်ချက်အသာဖြင့် အသာစီးရကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။


Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် ခက်ခဲသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ပြိုင်ပွဲသက်တမ်းတစ်လျှောက် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် များများစားစားလျော့ရိုက်နိုင်ခဲ့ခြင်းမရှိကြောင်းလည်း မှတ်တမ်းများအရသိရသည်။

ပါဗွန်က "Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံ တစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာကို ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် ကြံ့ခိုင်မှုပြည့်ဝနေတာကိုလဲ ဝမ်းသာမိပါတယ်။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတစ်ပွဲမှာ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ ကနေ အချက် ၃၀ အကြားရလဒ်မျိုးနဲ့ အဆုံးသတ်နိုင်တဲ့ ပြိုင်ပွဲမျိုးကို သိပ်သဘောမကျဘူး။ ဂေါက်ကွင်းပေါ်မူတည်ပြီးတော့ အခုလိုရလဒ်မျိုးတွေကွာခြားသွားတယ်။ တခြားပြိုင်ပွဲတွေက ဂေါက်ကွင်းတွေကို ကစားရလွယ်ကူတယ်လို့ ဝေဖန်ခြင်းမျိုးတော့မဟုတ်ပါဘူး။ Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပတဲ့ ဂေါက်ကွင်းတွေက တခြားပြိုင်ပွဲတွေကျင်းပတဲ့ ဂေါက်ကွင်းတွေထက် ပိုပြီးတော့ ခက်ခဲပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အွန်နရီ၏စံချိန်ကို ဆာလာဟ်လိုက်မီခဲ့





**လန်ဒန် ဇန်နဝါရီ ၂၂**

ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့် လိုင်လီအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်း တစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အာဆင်နယ်အသင်း ကစားသမားဟောင်း အွန်နရီ၏သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းက လိုင်လီအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်က ပွဲချိန် ၃၄ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး၅၁ ဂိုးရှိလာခဲ့ပြီး အွန်နရီ၏ ချန်ပီယံလိဂ်သွင်းဂိုးစံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ရီးရဲလ်မက်ဒရစ် အသင်းကစားသမားဟောင်း စီရော်နယ်ဒိုက ၁၄၀ ဂိုးဖြင့် ထိပ်ဆုံးမှရပ်တည်နေပြီး ၎င်း၏နောက်တွင် ဘာစီလိုနာအသင်း ကစားသမားဟောင်း မက်ဆီက ၁၂၉ဂိုး၊လက်ရှိဘာစီလိုနာအသင်း မှလီဝမ်ဒေါ့စကီးက ၁၀၂ဂိုး၊ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်းများဖြစ်သည့် ဘင်ဇီးမားက ၉၀ ဂိုး၊ ရာအူးလ်က ၇၁ ဂိုး၊ မန်ယူအသင်းကစားသမားဟောင်း နစ္စတယ်ရွိုင်းက ၆၀ဂိုး၊အေစီမီလန်အသင်း ကစားသမားဟောင်း ရှက်ချန်ကိုက ၅၉ဂိုး၊ လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းမှ မူလာက ၅၅ဂိုး၊ အွန်နရီက ၅၁ ဂိုးနှင့် ဆာလာဟ်က ၅၁ဂိုးဖြင့် ထိပ်ဆုံး ၁၀ဦးစာရင်း၌ ရပ်တည်နေသည်။

ဆာလာဟ်သည် ယခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၁ပွဲကစားပြီး ၁၈ဂိုး သွင်းယူ ထားနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံတွင်လည်း ၃၁ပွဲ ကစားပြီး ၂၁ဂိုး သွင်းယူထားနိုင်ခဲ့သည်။

လီဗာပူး အသင်းသည်လည်း လိုင်လီအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ခုနစ်ပွဲကစားပြီးချိန်တွင် ခုနစ်ပွဲစလုံးအနိုင်ရရှိခဲ့ကာ ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Opta**

**Trs : STA**

# MFF Vita Max Futsal League II ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League II ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF Vita Max Futsal League II ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့နံနက်၈နာရီခွဲက 7Brother FCအသင်းနှင့်7Dragon FC အသင်းတို့ကစားခဲ့ရာ7Dragon FC အသင်းက လေးဂိုးသုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီက Let Wel Thone Naraအသင်းနှင့် KKY FCအသင်းတို့ကစားခဲ့ရာ KKY FCအသင်းက ငါးဂိုး သုံးဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁နာရီခွဲက Maryar FC အသင်းနှင့် Black Cross FC အသင်းတို့ကစားခဲ့ရာBlack Cross FCအသင်းက ငါးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁နာရီက YCDC Marga Youth FC အသင်းနှင့် Shwe Pyi Thar United အသင်းတို့ကစားခဲ့ရာ YCDC Marga Youth FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲက JZ Yangon FCအသင်းနှင့်Pacific Sun Far FC အသင်းတို့ကစားခဲ့ရာ JZ Yangon FCအသင်းက လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ ညနေ ၄နာရီက Gold Dream FC အသင်းနှင့် TG Unitedအသင်းတို့ ကစားခဲ့ရာTG United အသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး





အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး MFF Vita Max Futsal League I ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များကိုလည်း ဇန်နဝါရီ ၂၃ ရက် နံနက် ၉နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF FutsalStadium တွင်ကစားသွားမည်ဖြစ်ပြီး SGF FCအသင်းနှင့် MH Dream Team အသင်း၊ MIU FCအသင်းနှင့်Futsal Chit Thu FCအသင်း၊Generations FCအသင်းနှင့် Winner Soccer FCအသင်း၊ VUC FCအသင်းနှင့် YCDC Marga FCအသင်း၊ YRG FCအသင်းနှင့် M2K FC အသင်းတို့ ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# အေဗီလာအသင်းခံစစ်ကစားသမား ဒီယေဂိုကားလိုဘစ် ကို ဖီနာဘာချီအသင်းခေါ်ယူ

**အင်ကာရာ ဇန်နဝါရီ ၂၂**

အေဗီလာအသင်းမှ ခံစစ်ကစားသမား ဒီယေဂိုကားလိုဘစ်ကို တူကီယဲကလပ် ဖီနာဘာချီအသင်းက ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် ခေါ်ယူခဲ့သည်။

ခံစစ်ကစားသမားဒီယေဂိုကားလိုဘစ်သည် ၂၀၂၂ခုနှစ်က ဆီဗီလာအသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၅၈ ပွဲပါဝင်ခဲ့ရာ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့သည့်ငါးပွဲဆက်အသင်းလူစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

ထို့နောက် ဖီနာဘာချီအသင်းက ကမ်းလှမ်းခဲ့ရာတွင် ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့သောကြောင့် ယူရို ၁၀ သန်းဖြင့်ပြောင်းရွှေ့ရန်သဘောတူခဲ့ပြီး ပြီးခဲ့သည့် အင်္ဂါနေ့က ဆေးစစ်မှုအောင်မြင်ခဲ့ပြီးနောက် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြမော်ရင်ဟို၏ ဖီနာဘာချီအသင်းသည် တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရောက်ရှိနေသော်လည်း အဆင့်(၁)မှဂါလာတာစာရေးအသင်းနှင့်ရမှတ်ခြောက်မှတ်ကွာဟနေသဖြင့် လာမည့်ပွဲစဉ်များတွင် ရလဒ်ပိုင်းကောင်းမှသာ အမှတ်ပေးဆုဖလားကို ရယူနိုင်မည်ဖြစ်သောကြောင့် ကစားသမားဖြည့်တင်းမှုများ ဆက်တိုက်ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# တိုက်စစ်မှူးဝစ်ဆာကို စတာလင်ပေါင် ၂၂သန်းဖြင့် ခေါ်ယူရန် နော်တင်ဟမ်အသင်းကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၂၂**

နော်တင်ဟမ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘရန့်ဖို့ဒ်အသင်းတိုက်စစ်တွင် မီအူမိုနှင့် တွဲဖက်ခြေစွမ်းပြနေသည့် ဝစ်ဆာကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၂ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဘရန့်ဖို့ဒ်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည့်ဝစ်ဆာသည် တိုက်စစ်ပိုင်းတွင် တိုနေးပါဝင်နိုင်ခြင်းမရှိချိန်တွင် ပုံမှန်ပွဲကစားခွင့်ရရှိလာသူဖြစ်ပြီး ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင်လည်း အမှတ်ပေးပွဲ ၁၉ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးထိခြေစွမ်းပြသွင်းယူနိုင်ခဲ့သောကြောင့် နော်တင်ဟမ်အသင်းကခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေခြင်းဖြစ်သည်။

အသက်၂၈ နှစ်ရှိတိုက်စစ်မှူးဝစ်ဆာသည် ၂၀၂၁ ခုနှစ်က လိုရီယန့်အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၃၃ ပွဲတွင် သွင်းဂိုး ၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ယခုနှစ်တွင်ခြေစွမ်းပိုင်းထက်မြက်လာသောကြောင့် ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားမှုမြင့်တက်ခဲ့ကြောင်း သိရသည်။

နော်တင်ဟမ် အသင်းသည် တိုက်စစ်မှူး ခရစ်ဝုဒ်၏ သွင်းဂိုးများဖြင့် အမှတ်ပေးဇယား အဆင့်(၄)အတွင်းဝင်ရောက်ခဲ့ပြီး ခရစ်ဝုဒ်အနေဖြင့် လာမည့်ဇွန်လတွင် သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ နည်းပြဆန်းတို့စ်က ဝစ်ဆာနှင့် အစားထိုးရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Daily Mail**

**Trs : ML**

# WBA အမျိုးသမီး မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကူရိုကီ ဆွတ်ခူး

**တိုကျို ဇန်နဝါရီ ၂၂**

WBA အမျိုးသမီး မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဂျပန်လက်ဝှေ့မယ် ကူရိုကီနှင့် တောင်ကိုရီးယားလက်ဝှေ့မယ် ယီခိုင်ဆိုတို့ ဇန်နဝါရီ ၂၀ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်ခဲ့ရာ ကူရိုကီက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ WBA အမျိုးသမီး မီနီမမ်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံအသစ်ဖြစ်လာခဲ့ကြောင်း WBA အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် သုံးဦးစလုံးက (၉၆-၉၄) မှတ်ဖြင့် ကူရိုကီအား အနိုင်ပေးခဲ့ခြင်းဖြစ်ပြီး ရမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့သည်။

ကူရိုကီသည် WBO အက်တမ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာလရှည် ထိန်းသိမ်းနိုင်ခဲ့ပြီးနောက် မီနီမမ်ဝိတ်တန်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းလည်းဖြစ်ပြီး မီနီမမ်ဝိတ်တန်းတွင် ပထမဆုံးသော ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကူရိုကီနှင့် ယီခိုင်ဆိုတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သလို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖိအားပေးထိုးသတ်နိုင်ခဲ့ကြသော်လည်း ကူရိုကီက အတွေ့အကြုံပိုရင့်ကျက်သည့် လက်ဝှေ့မယ် တစ်ဦးဖြစ်ပြီး ၎င်း၏အတွေ့အကြုံများအား အကောင်းဆုံး အသုံးချနိုင်ခဲ့သည်။

ကူရိုကီက "WBO အက်တမ်ဝိတ်တန်းရဲ့ ခါးပတ်ကို ပြီးခဲ့တဲ့နှစ်မှာ ဆုံးရှုံးလိုက်ရတဲ့အတွက် ဝိတ်တန်းပြောင်းပြီး ကမ္ဘာ့ချန်ပီယံပြန်ဖြစ်ဖို့အတွက် အကောင်းဆုံး ကြိုးစားပြင်ဆင်လာခဲ့တာပါ။ ကမ္ဘာ့ချန်ပီယံပြန်ဖြစ်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ခက်ခဲတဲ့စိန်ခေါ်ပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်နဲ့ကိုက်ညီတဲ့ အဆင့်အတန်းမျိုးကို နှစ်ယောက်စလုံးပြသနိုင်ခဲ့တယ်။ ဒီခါးပတ်ကို ကာလရှည် ထိန်းသိမ်းနိုင်အောင် အကောင်းဆုံး ပြင်ဆင်သွားမှာပါ။ နောက်ထပ် စိန်ခေါ်မှုတွေကိုလဲ လက်ခံသွားဖို့ အဆင်သင့်ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# အမေရိကန်နိုင်ငံကို ခြိမ်းခြောက်နေသည့် Nitazenes မူးယစ်ဆေးဝါးသစ်

မြောက်အမေရိကတိုက် နိုင်ငံကြီးများတွင် မူးယစ်ဆေးဝါးပြဿနာသည် အလွန်ကြီးမားမှုတစ်ခုဖြစ်သည်။ အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံများကဲ့သို့ ကြွယ်ဝသည့် နိုင်ငံကြီးများ၌ Fentanyl မူးယစ်ဆေးဝါးပြဿနာသည် အဓိကစိန်ခေါ်မှုဖြစ်လျက်ရှိသည်။ Fentanyl မူးယစ်ဆေးစွဲနေသူများသည် ဆေးကို အကြောထဲထိုးသွင်းကြသည်။ ဆေးလွန်(Overdose) ဖြစ်ပြီး သေဆုံးကြသည်။ တရားမဝင်ဓာတ်ခွဲခန်းများတွင် Fentanyl မူးယစ်ဆေးကို ထုတ်လုပ်ပြီး မှောင်ခိုဖြန့်ဖြူးရောင်းချနေကြသည်။ ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တွင် အစိုးရအာဏာပိုင်များက မူးယစ်ဆေးစွဲနေသူများကို Fentanyl မူးယစ်ဆေးကို ခွဲတမ်းချ ကြီးကြပ်ထုတ်ပေးနေခြင်းမျိုးလည်း ရှိသည်။ အမှန်တွင် Fentanyl မူးယစ်ဆေးသည် ခွဲစိတ်ခန်းများတွင် မေ့ဆေး၊ နာကျင်မှုသက်သာဆေးအဖြစ် အလွန်ထိရောက်စွာ အသုံးပြုနိုင်သည်။ ကင်ဆာလူနာများအတွက် ကပ်ခွာ(Patches) ပုံစံများဖြင့်လည်း နာကျင်မှုဝေဒနာများသက်သာစေရန် သုံးစွဲနိုင်ကြသည်။

Fentanyl မူးယစ်ဆေးမပေါ်သေးမီ ဟီရိုအင်း (Heroin)မူးယစ်ဆေးသည် မြောက်အမေရိကမူးယစ်ဆေးလောကတွင် နာမည်ကျော်ခဲ့သည်။ ၎င်းမူးယစ်ဆေးများ အလွန်အကျွံသုံးစွဲမိပါက Naloxone အဆိပ်ဖြေဆေးဖြင့် ပြန်လည်ကုစားရသည်။ မူးယစ်ဆေးလွန်ပြီး သတိလစ်မေ့မြောနေသူများအတွက် အသက်ရှူလမ်းကြောင်းပွင့်နေစေရန် အရေးကြီးသည်။ နှာခေါင်း၊ ပါးစပ်၊ အာခေါင်များထဲမှ ချွဲသလိပ်များကို ဖယ်ရှားပြီး အသက်ရှူလမ်းကြောင်း ပွင့်စေရန် ရှေးဦးသူနာ ပြုစုပေးရသည်။ Fentanyl မူးယစ်ဆေးလွန်သွားသည့် လူနာကို ဟီရိုအင်း မူးယစ်ဆေးလွန်လူနာတွင် ပေးရသည့် Naloxone အဆိပ်ဖြေဆေးပမာဏလောက်နှင့် ပေးမရ။ Fentanyl မူးယစ်ဆေးသည် ဟီရိုအင်းမူးယစ်ဆေးထက် ပိုပြင်းသည်။

Fentanyl မူးယစ်ဆေးလွန်မှုများကို မကုစားနိုင်သဖြင့် Overdose ဆေးလွန်မှုဖြင့် သေဆုံးမှုများ နေချိန်တွင် အမေရိကန်နိုင်ငံတွင် Nitazenes အမည်ရသည့် ဓာတ်ခွဲခန်းထုတ်မူးယစ်ဆေးသစ်တစ်မျိုးထွက်ပေါ်လာသည်။ အမေရိကန်နိုင်ငံတစ်ဝန်း ပြည်နယ်အများအပြားတွင် Nitazenes မူးယစ်ဆေးလွန်ပြီး သေဆုံးမှုများ ရှိနေကြသည်။ Nitazenes အားအပြည့်ပါဝင်သော ဆေးတစ်ဖုံသည် Fentanyl မူးယစ်ဆေးထက် အဆ ၄၀ ပိုမိုပြင်းထန်သည်။ မော်ဖင်းထက် အဆပေါင်းထောင်ချီ ပိုမိုပြင်းသည်။ Fentanyl မူးယစ်ဆေးကို ခွဲစိတ်ခန်းများတွင် မေ့ဆေး၊ နာကျင်မှုသက်သာဆေးအဖြစ် တရားဝင်အသုံးပြုခွင့်ရှိသော်လည်း Nitazenesမူးယစ်ဆေးကိုမူ ယခုအချိန်ထိ တရားဝင်သုံးစွဲခွင့် မပြုသေးချေ။

အမှန်တွင် Nitazenes အုပ်စုဝင် မူးယစ်ဆေးများသည် ဆေးဝါးအသစ်အဆန်းမဟုတ်ချေ။ ၁၉၅၀ ပြည့်လွန်နှစ်များကပင် ဓာတ်ခွဲခန်းထဲ၌ သုတေသနလုပ်ငန်းများတွင် ဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ သို့သော် ဓာတ်ခွဲခန်းပြင်ပကုသရေးပိုင်းတွင် အသုံးပြုရန် ခွင့်ပြုချက်မရရှိခဲ့ဖူးချေ။ ထိုကဲ့သို့ Nitazenes ဆေးများသည် မူးယစ်ဆေးဝါးများအဖြစ် ဈေးကွက်ထဲတွင် တရားမဝင်ရောက်ရှိ၊ အသုံးပြုနေကြခြင်းသည် စိုးရိမ်ဖွယ်ဖြစ်သည်။ Nitazenes မူးယစ်ဆေးလွန်သူများကို Naloxone အဆိပ်ဖြေဆေးဖြင့် ကုစားနိုင်သော်လည်း Nitazenes မူးယစ်ဆေးများမှာ ပြင်းထန်လွန်းသဖြင့် Naloxone အဆိပ်ဖြေဆေးများကို ပမာဏများစွာဖြင့် အချိန်ကြာမြင့်စွာ အသုံးပြုကုသရန် လိုအပ်သည်။ ထိုမျှ များပြားသည့် Naloxone အဆိပ်ဖြေဆေးများကို ရရှိရန် မဖြစ်နိုင်ပေ။ ပုံမှန်အလုပ်အကိုင်ရှိပြီး ဟီရိုးအင်းမူးယစ်ဆေးစွဲနေသူများစွာ အမေရိကန်နိုင်ငံထဲတွင် အများအပြားရှိနေသော်လည်း Fentanyl မူးယစ်ဆေးနှင့် Nitazenes မူးယစ်ဆေးများ စွဲနေသူများအတွက် အလုပ်လုပ်နိုင်ရန် မလွယ်ကူတော့ပါ။

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံ၏ မူးယစ်ဆေးစွဲပြဿနာကို အမြစ်ဖြတ်မည်ဟု ကြွေးကြော်ထားသည်။ လေ့လာသူများက ထရန့်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ဆောင်မှုများသည် ရှိပြီးအပေါင်းလက္ခဏာ တိုးတက်မှုများကိုပင် ထိခိုက်စေနိုင်သည်ဟု ခန့်မှန်းကြသည်။ ထရန့်၏ လာမည့် သမ္မတသက်တမ်း လေးနှစ်အတွင်း၌ မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်မည်မဟုတ်ဟု သုံးသပ်ကြသူများ ပင်ရှိသည်။

**❖အမေရိကန်နိုင်ငံအနေဖြင့် Nitazenes မူးယစ်ဆေး၏ ခြိမ်းခြောက်မှုကို ကိုယ်တွယ်ရာတွင် နှောင့်နှေးနေဆဲဖြစ်သည်။ ၎င်းမူးယစ်ဆေးသည် ခန္ဓာကိုယ်ထဲတွင် တာရှည်မခံပေ။ မူးယစ်ဆေးလွန်သေဆုံးသူများကို ရင်ခွဲစစ်ဆေးမှုများပြုလုပ်ပြီး Nitazenes မူးယစ်ဆေးကို ရှာဖွေဖော်ထုတ်ရန် ခဲယဉ်းသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် Nitazenes မူးယစ်ဆေးကို ခန္ဓာကိုယ်အတွင်းမှ ရှာဖွေဖော်ထုတ်နိုင်မည့် နည်းပညာများကို အဆင့်မြှင့်တင်ရန် လိုအပ်သည်။ ❖**

Nitazenes အုပ်စုဝင် မူးယစ်ဆေးဝါးများသည် အမှုန့်ပုံစံ၊ သောက်ဆေးပုံစံ၊ အရည်ပုံစံဖြင့် လာတတ်သည်။ ဟီရိုအင်း၊ Fentanyl နှင့် ဒိုင်ယာဇီပန်အုပ်စုဝင် အိပ်ဆေးများနှင့် ရောစပ်ထားသည့်ပုံစံဖြင့်လည်း တရားမဝင်ဈေးကွက်အတွင်း ရောက်ရှိလာတတ်ကြသည်။ အမေရိကန်နိုင်ငံ၏ ပထမဆုံး Nitazenes မူးယစ်ဆေးဝါးအစီရင်ခံစာကို ၂၀၁၉ ခုနှစ်တွင် စတင်ထုတ်ပြန်ခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ Nitazenes မူးယစ်ဆေးဝါးကြောင့် အမေရိကန်နိုင်ငံသား ၂၀၀၀ ခန့် သေဆုံးခဲ့ပြီးဖြစ်သည်။

Fentanyl မူးယစ်ဆေးပေါ်ကာစတွင် မူးယစ်ဆေးစွဲနေသူများအနေဖြင့် Fentanyl မူးယစ်ဆေးစွဲသွားမည်ကို ကြောက်ခဲ့ကြသည်။ အချိန်ကြာလာသည့်အခါ အမေရိကန်မူးယစ်ဆေးစွဲသူများသည် Fentanylမူးယစ်ဆေးကို ပိုသုံးစွဲလာကြသည်။ Nitazenes မူးယစ်ဆေးကိုလည်း Fentanyl မူးယစ်ဆေးကဲ့သို့ ဖြစ်လာမည်ကို စိုးရိမ်ရသည်။ Nitazenes မူးယစ်ဆေးသည် Fentanyl မူးယစ်ဆေးထက် ပိုမိုပြင်းထန်ပြီး ဆေးလွန်သေဆုံးနိုင်ချေများခြင်းက စိုးရိမ်ဖွယ်ဖြစ်သည်။ Fentanyl မူးယစ်ဆေးကို တင်းကျပ်စွာ ထိန်းချုပ်လိုက်လျှင် အလွယ်ရသည့် Nitazenes မူးယစ်ဆေးကို အစားထိုးသုံးစွဲလာမည်ကို စိုးရိမ်ရသည်။

အမေရိကန်နိုင်ငံအနေဖြင့် Nitazenes မူးယစ်ဆေး၏ ခြိမ်းခြောက်မှုကို ကိုယ်တွယ်ရာတွင် နှောင့်နှေးနေဆဲဖြစ်သည်။ ၎င်းမူးယစ်ဆေးသည် ခန္ဓာကိုယ်ထဲတွင် တာရှည်မခံပေ။ မူးယစ်ဆေးလွန်သေဆုံးသူများကို ရင်ခွဲစစ်ဆေးမှုများပြုလုပ်ပြီး Nitazenes မူးယစ်ဆေးကို ရှာဖွေဖော်ထုတ်ရန် ခဲယဉ်းသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် Nitazenes မူးယစ်ဆေးကို ခန္ဓာကိုယ်အတွင်းမှ ရှာဖွေဖော်ထုတ်နိုင်မည့် နည်းပညာများကိုအဆင့်မြှင့်တင်ရန် လိုအပ်သည်။ ကုန်ကျစရိတ်များပြားနိုင်သော်လည်း ထိုသို့ မပြုလုပ်ပါက Nitazenes မူးယစ်ဆေးလွန်သေဆုံးသူများကို မဖော်ထုတ်နိုင်ဘဲ ဖြစ်နေလိမ့်မည်။

မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေကို ဖော်ထုတ်နိုင်ရန် "ရေဆိုးစောင့်ကြည့်စစ်ဆေးရေးနည်းပညာ" ကို အသုံးပြုသင့်ကြောင်း ပညာရှင်တချို့က အကြံပြုကြသည်။ ထိုနည်းပညာကို ကူးစက်ရောဂါများရှာဖွေဖော်ထုတ်ရာတွင် ထိရောက်အောင်မြင်စွာ အသုံးပြုနိုင်ခဲ့သည်။ တုပ်ကွေးရောဂါများ၊ ကိုဗစ်-၁၉ အဆုတ်ရောင်ရောဂါများ ကူးစက်ဖြစ်ပွားမှုအခြေအနေကို ၎င်းနည်းပညာဖြင့် ဖော်ထုတ်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(US CDC) က "ရေဆိုးစောင့်ကြည့်စစ်ဆေးရေးနည်းပညာ" ကို Nitazenes မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေဖော်ထုတ်ခန့်မှန်းရာတွင် အသုံးမပြုသည့်အတွက် ဝေဖန်မှုများ မြင့်တက်နေသည်။ ဥရောပသမဂ္ဂနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတွင် ၎င်းနည်းပညာဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို စစ်ဆေးလျက်ရှိသည်။

အမေရိကန်နိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(US CDC)က ပြန်လည်တုံ့ပြန်ရာတွင် "ရေဆိုးစောင့်ကြည့်စစ်ဆေးရေးနည်းပညာ" သည် ကူးစက်ရောဂါမဟုတ်သည့် မျှော်မှန်းစစ်ဆေးချက်များပြုလုပ်နိုင်ရန် နည်းပညာကန့်သတ်ချက်များရှိနေကြောင်း၊ အများပြည်သူသဘောတူညီနိုင်မှု ရှိ၊ မရှိကိုလည်း စစ်တမ်းကောက်ယူထားမှုမရှိသေးကြောင်း၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ ဥပဒေကြောင်းဆိုင်ရာများ ညှိနှိုင်းလုပ်ဆောင်ဖွယ်ရာများ ရှိနေသေးကြောင်း ဖော်ပြထားသည်။

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်၏ မဟာဗျူဟာအရ မူးယစ်ဆေးဖြတ်ကုသမှုနှင့် ဆေးဝါးများကို အလေးပေးထားသည်။ ၂၀၂၄ ခုနှစ် သမ္မတလောင်းမဲဆွယ်ပွဲကာလများအတွင်း မူးယစ်ဆေးစွဲသူများအတွက် နှစ်သိမ့်ဆွေးနွေးခြင်း၊ မူးယစ်ဆေးဖြတ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စုရန်ပုံငွေကို တိုးမြှင့်ပေးမည်ဟု သမ္မတသစ်ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ နယ်စပ်များမှ မူးယစ်ဆေးဝါးများဝင်ရောက်နေမှုကို ထိရောက်စွာ ပိတ်ပင်မည်ဟုလည်း ကတိပေးခဲ့သည်။ သို့သော် မူးယစ်ဆေးစွဲနေသူများအပေါ် အစိုးရအသစ်၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုများ အားနည်းသွားမည်ကို ကျွမ်းကျင်သူများက စိုးရိမ်ကြသည်။

အမေရိကန်နိုင်ငံသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်များဖြစ်သည့် ACA စနစ်နှင့် Medicaid စနစ်များကို ထရန့်အစိုးရအနေဖြင့် ထိန်းချုပ်လျှော့ချမည်ကို စိုးရိမ်နေကြသည်။ Medicaid စနစ်အရ ငွေကြေးနည်းပါးသူများအတွက် မူးယစ်ဆေးစွဲကုသမှုများကို ပံ့ပိုးပေးထားသည်။ ၎င်းပံ့ပိုးမှုများကို ထရန့်အစိုးရက ဖြတ်တောက်မည့် အလားအလာရှိနေသည်။

အမေရိကန်နိုင်ငံ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးပြဿနာအတွက် အရေးကြီးသည့် အချက်သုံးချက်ရှိသည်။ ပထမအချက်သည် အနာဂတ်မျိုးဆက်သစ်ကလေးငယ်များအတွက် ကြိုတင်စီမံပြင်ဆင်ထားရန်ဖြစ်သည်။ အထူးသဖြင့် နွမ်းပါးသည့် မိသားစုများမှ ဆင်းသက်လာသည့် အမေရိကန်ကလေးငယ်များသည် "အလွန်ဖိစီးမှုများသည့် ဘဝ" များကို ရင်ဆိုင်နေကြရသည်။ ၎င်းအခြေအနေသည် မူးယစ်ဆေးဝါးသုံးစွဲမှုအတွက် တွန်းပို့လိုက်ခြင်းဖြစ်သည်။ ကလေးငယ်များကို မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကာကွယ်ပေးရန်အတွက် အားကစားသမားကောင်းများ၊ ဘာသာရေးကိုင်းရှိုင်းသူများ၊ ယဉ်ကျေးမှုအစဉ်အလာမြတ်နိုးသူများ၊ အနုပညာရှင်များဖြစ်လာစေရန် အားပေးကြရမည်။ ထိုသို့ ဖြစ်စေရန်မှာ ကလေးငယ်များနှင့် စာသင်ကျောင်းများကြားကောင်းမွန်သောဆက်ဆံရေးနှင့် တွယ်တာမှုများရှိရန် လိုအပ်သည်။

ဒုတိယအချက်သည် အမေရိကန်မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ဆရာဝန်များ၏ အခန်းကဏ္ဍက အရေးပါသည်။ Fentanyl မူးယစ်ဆေးစွဲသွားသည့် လူနာများ၏ရောဂါလက္ခဏာကို လေ့လာကြည့်သည့်အခါ သာမန်ခါးကိုက်၊ ခါးနာရောဂါမှာ Oxycodone ကဲ့သို့သော မော်ဖင်းအုပ်စုဝင်ဆေးများကို ဆရာဝန်များက ညွှန်း၍ သောက်သုံးရာမှ မူးယစ်ဆေးစွဲသွားကြခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မော်ဖင်းအုပ်စုဝင်၊ မူးယစ်ဆေးအုပ်စုဝင် အကိုက်အခဲပျောက်ဆေးများကို တင်းတင်းကျပ်ကျပ် ညွှန်းပေးကြရန်၊ ဆရာဝန်များက ထိန်းညှိပေးရန် လိုအပ်သည်။

တတိယအချက်သည် မူးယစ်ဆေးလွန်သေဆုံးမှုများလျှော့ချနိုင်ရေးအတွက် (Overdose) ဆေးလွန်လူနာများ ဆေးကုသမှုလမ်းညွှန်ချက်ကို အသားကျနေစေရန် ပြဋ္ဌာန်းလေ့ကျင့်ထားရန် လိုအပ်သည်။ မူးယစ်ဆေးစွဲ လူနာများကုသရေးတွင် ဆေးဝါးများဖြင့် ကုသခြင်း ပါဝင်သကဲ့သို့ အပြုအမူပိုင်းဆိုင်ရာကုသခြင်းများလည်း ပါဝင်သည်။ ထို့ကြောင့် စိတ်ကျန်းမာရေးဆရာဝန်များ၏ အခန်းကဏ္ဍကလည်း အရေးပါသည်။ Nitazenes မူးယစ်ဆေးစွဲလူနာများအပေါ် အထူးပြုထားသည့် မူးယစ်ဆေးစွဲကုသနည်းများကို သုတေသနပြုဖော်ထုတ်ထားရန် လိုအပ်သည်။

ထရန့်အစိုးရသစ်အနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို "ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ" ကြေညာထားမှသာ အစိုးရအဖွဲ့၏ မူးယစ်ဆေးဝါးထိန်းချုပ်မှု စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ အစိုးရသစ်နှင့် မူးယစ်ဆေးဝါးခြိမ်းခြောက်မှုအသစ် Nitazenes မူးယစ်ဆေးအုပ်စုတို့၏ အားပြိုင်မှုများကို ဆက်လက်စောင့်ကြည့်ကြရန် ဖြစ်ပါသည်။

**ကိုးကား**

**– Even worse than fentanyls : nitazenes in the USA by UdaniSamarasekera from Lancet Dec, 2024.**

**ဒေါက်တာလှမ်းမိုးဟန်**

# မန်းရွှေစက်တော်ဘုရားဗုဒ္ဓပူဇနိယပွဲတော်သို့လာရောက်ကြမည့် ဘုရားဖူးပြည်သူများအတွက် တည်းခိုဆောင်အလုံးပေါင်း ၁၄၀ ကျော်ထိ တည်ဆောက်ပြီးစီး



**မင်းဘူး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားဗုဒ္ဓပူဇနိယပွဲတော်သို့ အနယ်အနယ်အရပ်ရပ်မှ လာရောက်ကြမည့် ဘုရားဖူးပြည်သူများအတွက် တည်းခိုဆောင်နှင့် ဆိုင်ခန်း ၁၄၀၀ ကျော်ကို တည်ဆောက်လျက်ရှိရာ လက်ရှိတွင် တည်းခိုဆောင်အလုံးပေါင်း ၁၄၀ ကျော်ထိ ပြီးစီးပြီဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြ၍ သိရသည်။

မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ အစဉ်အလာမပျက် ကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်ထိ ၇၅ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီနှစ်မှာတော့ ဖေဖော်ဝါ ရီ ၂ ရက်ကနေ ဧပြီ ၁၇ ရက်ထိ အစဉ်အလာမပျက် ကျင်းပသွားမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ တည်းခိုနေထိုင်နိုင်ဖို့ တည်းခိုဆောင်အလုံးပေါင်း ၆၀၀ ကျော်နဲ့ ဆိုင်ခန်းပေါင်း ၈၀၀ ကျော်တို့ကို ဆောက်လုပ်လျက်ရှိပြီး အခုလက်ရှိမှာ တည်းခိုဆောင်အလုံးပေါင်း ၁၄၀ ကျော် တည်ဆောက် ပြီးစီးသွားပါပြီ။ ဆက်လက် တည်ဆောက်နေပါတယ်"ဟု ဦးအေးကိုက ပြောပြသည်။

ထို့ပြင် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပစဉ်ကာလ အောက်စက်တော်ရာ(ခြေတော်ရာ)ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစွာ သွားရောက်ဖူးမြော်နိုင်စေရန် တံတားအကျယ် ၁၂ ပေ ရှစ်လက်မ၊ အရှည်ပေ ၁၀၀ ရှိသည့် ဘေလီသံပေါင်တံတားကို တည်ဆောက်ပေးထားကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ဖွင့်ပွဲနေ့တွင် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာတို့ကို ဖွင့်လှစ်ပြီး အပူဇော်ခံလေ့ရှိကာ ပွဲတော်ပိတ်ပွဲနေ့တွင် စက်တော်ရာနှစ်ဆူကို ပြန်လည်ပိတ်ထားလေ့ရှိကြောင်း၊ အောက်စက်တော်ရာကို အလင်းပေါက် ဖန်အုပ်ဆောင်းဖြင့် ဖုံးအုပ်ထားသောကြောင့် ပွဲတော်ချိန်ပြင်ပတွင်လည်း မြင်တွေ့ဖူးမြော်နိုင်ပြီး မန်းရွှေစက်တော်ဘုရားပွဲတော်သို့ စနေ၊ တနင်္ဂနွေရက်များ၊ တပေါင်းလပြည့်နေ့နှင့် သင်္ကြန်ရက်များတွင် ဘုရားဖူးများ အများဆုံးလာရောက်ဖူးမြော်လေ့ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် မန်းရွှေစက်တော်ပွဲတော်နှင့်အတူ ဆင်ပြတိုက်ရှိသည့် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်း၊ မကွေးမြသလွန်ဘုရား၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းရွှေစက်တော် ပါဒစေတီတော်၊ စကုမြို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားတို့ကို သွားရောက်ဖူးမြော်လည်ပတ်ကြကြောင်း သိရသည်။ ASH

# ယူနီဗာဆယ်၏ Nosferatu ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၁၅၅ သန်းထိရှိလာ

**နယူးယောက် ဇန်နဝါရီ ၂၂**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Nosferatu ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၅ သန်းထိ ရရှိထားကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

Nosferatu ဇာတ်ကား၏ ကမ္ဘာ့တစ်ဝန်းဝင်ငွေမှာ ဇန်နဝါရီ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၅၅ သန်းထိ ရှိလာကြောင်း သိရသည်။

ယူနီဗာဆယ်ကုမ္ပဏီသည် Nosferatu ဇာတ်ကားကို၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Nosferatu ဇာတ်ကားသည် ဂျာမနီထိတ်လန့်သည်းဖိုဇာတ်ကားတစ်ကားဖြစ်သည့် Nosferatu: A Symphony of Horror (1922)ကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Nosferatu ဇာတ်ကားကို ဒါရိုက်တာ ရောဘတ်အက်ဂါကတာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသား ဘီစကားဂ့်၊ နီကိုလပ်ဟော့နှင့် မင်းသမီး လီလီရို့ဒက်တို့ ပါဝင်ထားသည်။

အဆိုပါဇာတ်ကားသည် ၂၀၂၄ ခုနှစ်၏ ဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖိုဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့သောဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# တေးရေး၊ တေးဆို စောခူဆဲ၏သီချင်းများကို တေးသံရှင် ၁၃ ဦးက သီဆိုဖျော်ဖြေပေးမည့် တေးဂီတဖျော်ဖြေပွဲ အလုံမြို့နယ်ရှိ Modern Radio Bar ၌ ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

တေးရေး၊ တေးဆို စောခူဆဲ၏ သီချင်းများကို တေးသံရှင် ၁၃ ဦးက သီဆိုဖျော်ဖြေပေးမည့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Modern Radio Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် Modern Radio Bar ၌ ပြုလုပ်မည်ဖြစ်ပြီး တေးသံရှင် ဂျေမောင်မောင်၊ ဂျေညီညီ၊ ချစ်ကောင်း၊ ဂရေဟမ်၊ စည်သူလွင်၊ ဇော်ပိုင်၊ ဟဲလေး၊ ဝေလ၊ အောင်ထက်၊ မေခလာ၊ ကော်နီ၊ ဟေမာနေဝင်း၊ ထွန်းအိန္ဒြာဗိုတို့က Lucky Hand တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"အကောင်းဆုံးဖျော်ဖြေမှုပုံစံတွေကိုပဲ ပြသချင်တဲ့ Modern Radio Barရဲ့ ထူးထူးခြားခြားအစီအစဉ်သစ်လေးတစ်ခုပါ။ တေးရေး၊ တေးဆို စောခူဆဲရဲ့ အောင်မြင်ထင်ရှားပြီးသား တေးသီချင်းတွေကို ကျွန်တော်အပါအဝင် တေးသံရှင် ၁၂ ယောက်က ပြန်လည်ဆန်းသစ်သီဆိုမှာဖြစ်လို့ သေချာပေါက် လာရောက်နားဆင်သင့်တဲ့ ပွဲဖြစ်ပါတယ်"ဟု တေးသံရှင် ဇော်ပိုင်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို Modern Radio Bar၌ ဇန်နဝါရီ ၂၆ ရက်တွင် ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Omi အမည်ရှိ ဟာသဇာတ်ကား၌ ဘန်နီလီဗင်း၊ ဒရီးဟဲမင်းဝေး၊ ကွန်နီရှီးတို့ပါဝင်

**နယူးယောက် ဇန်နဝါရီ ၂၂**

Omi အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသမီး ဘန်နီလီဗင်း၊ ဒရီးဟဲမင်းဝေးနှင့် ကွန်နီရှီးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း ဇန်နဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

Omi ဇာတ်ကားတွင် အမျိုးသမီးဒါရိုက်တာ အမ်မလီလီရာက တာဝန်ယူရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဒမ်လီဘိုဝစ်-လော့ကတ်က ရေးသားပေးထားကြောင်း သိရသည်။

Omi ဇာတ်ကားသည် ကွယ်လွန်သူဘွားအေ၏ ဝိညာဉ်အစီးခံထားရသူ အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဟာသဇာတ်ကား ဖြစ်ကြောင်း သိရသည်။

အထက်ပါ အမျိုးသားဇာတ်ကောင်နေရာတွင် ဇာတ်ညွှန်းရေးဆရာ အဒမ်လီဘိုဝစ်-လော့ကတ်က သရုပ်ဆောင်ထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကား Red Carpet Show အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဇန်နဝါရီ ၃၁ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကား Red Carpet Show အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ JZ ဒေါင်လွဏ်းက ပြောပြ၍ သိရသည်။

နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို JZ ဒေါင်လွဏ်းက ရေးသားပြီး ဇာတ်ညွှန်းကို ဒီရေလှိုင်းနှင့် မယ်ခိုင်တို့က ရေးသားကာ မေခရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ JZ ဒေါင်လွဏ်းက တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော်တို့က ပူတာအို၊ ရေခဲတောင်မှာရိုက်မယ်လို့ စဉ်းစားလိုက်တယ်။ လီဆူလူမျိုးတွေ၊ ရဝမ်လူမျိုးတွေရဲ့နေရာဆိုတော့ သူတို့ရဲ့ရိုးရာဓလေ့တွေ၊ စိတ်နေစိတ်ထားတွေ၊ စိတ်ခါတ်ပိုင်းဆိုင်ရာတွေပေါ်လွင်အောင် ရိုက်ကူးချင်တာမို့ ဇာတ်လမ်းဇာတ်အိမ်ကို ဖန်တီးခဲ့တာပါ။ ဇာတ်ကားက၂၀၁၉ ခုနှစ်လောက်က ရိုက်ကူးခဲ့တဲ့ ဇာတ်ကားပါ။ ဒီဇာတ်ကားမှာ ကိုမြင့်မြတ်တို့၊ သင်ဇာတို့နဲ့ တခြားအနုပညာရှင်တွေကလဲ အကောင်းဆုံး ကြိုးစားအားထုတ်ထားတဲ့ ဇာတ်ကားလေးပါ"ဟု ဒါရိုက်တာ JZ ဒေါင်လွဏ်းက ပြောပြသည်။

နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ JZ ဒေါင်လွဏ်း၊ ငြိမ်းသော်၊ ယုန်လေး၊ သင်ဇာဝင့်ကျော်၊ L ဘောက်နူး၊ Kညီ၊ အခြားသရုပ်ဆောင်များနှင့်အတူ ရဝမ်၊ လီဆူးတိုင်းရင်းသားများ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects local training depot and Tatmadaw TV Broadcasting Unit (Taungnyo) in Taungnyo Station



Senior General Min Aung Hlaing meets Tatmadaw members, families and trainees at the local training depot of Taungnyo Station.

**Nay Pyi Taw January 22**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander and officials, inspected local training depot and Tatmadaw TV Broadcasting Unit (Taungnyo) in Taungnyo Station, Nay Pyi Taw Command HQ, this morning.

At the meeting hall of the local training depot, the commandant reported on brief history, ongoing courses, farming activities, and welfare activities of the depot.

In response, the Senior General said the depot should apply means for the trainees to truly understand the theorical lessons and skillfully follow the training lessons. The results of fitness trainings should meet age-wise requirements. Constant research should be conducted on ever changing military strategies, weapons and military knowledge to broaden the scope of curricular. Trainees who are competent and able to shoulder defence and security duties skillfully must be produced.

The Senior General then looked around the exhibition halls and lecture halls of the depot and looked into the requirements of officials.

The Senior General met officers, other ranks, families and trainees at training department of the depot. As regards training, he said the current era witnesses the constant advancement of military technologies and military strategies, and trainees must continuously study them in accord with the motto "study, practice, compliance." Trainees must undergo constant practice sessions to be more skillful in the learned military methods and sciences.

Today is the age of technology. So, trainees must search and study general knowledge and related information for life improvement on the internet pages and books by applying technological skill to enhance their individual capacity. The habit of reading and learning is much helpful for efficiency. They must take lessons through evaluation and combination of their knowledge and experiences.

Administrators must systematically discharge their administrative duties in their responsible areas and must carry out welfare undertakings for the depot to the most possible degree. They must fulfil the individual rights of soldiers appropriately and look into the requirements of subordinates. Excellent military discipline, administration and support will enhance morale.

Today is an era of education, and only through education can one acquire skills. Tatmadaw is establishing educational training schools to enhance the education of its personnels. Additionally, it actively promotes the education of military families' children and recognizes outstanding academic achievers.

In terms of welfare, while the military provides various welfare services, we can also manage our financial expenses and achieve welfare by cutting back on unnecessary spending. He emphasized the importance of distinguishing between spending and wasting to maintain a balance between income and expenditure. He also noted that welfare provisions have been made, along with the implementation of military-owned farming projects. It is essential for each management leader to implement this systematically, with subordinates following the same approach.

Military personnels join the forces to carry out national defense and security duties, motivated by their own commitment, without any external encouragement. Our military personnel have carried out their assigned duties with great sacrifices, serving the nation and its people. He stated that our military personnel have fulfilled their assigned duties with great sacrifices for the benefit of the country and the people. Just as officers and soldiers are diligently carrying out national defense and security duties on the front lines, their families are also living and fulfilling their responsibilities in accordance with their respective forces. He stated that he also recognizes and honors the service rendered to the nation and the people by all those responsible for national defense and security. Our country's current population is approximately 52 million, with 47 percent male and 53 percent female. Of this population, only a small number have joined the military and are able to perform the noble duties of national defense and security. Therefore, he emphasized the need to honor and value military service, as it is a challenging responsibility that the public cannot easily undertake. It is essential to take pride in the lives of our military personnel who carry out their noble duties in service to the nation and its people, while ensuring the fulfillment of the responsibilities entrusted to them.



Senior General Min Aung Hlaing presents food supplies for Tatmadaw members and families.

Discipline serves as both an encouragement to act rightly and a deterrent against wrongdoing. By adhering to the rules set forth by the military and embodying the values of a good soldier, individuals will be able to carry out their duties with a sense of pride and fulfillment within the environment they serve. With the exam period soon approaching, it is crucial to ensure that the necessary services are provided, enabling students to take their exams with peace of mind. He also emphasized the need of organizing youth-oriented courses, programs, and activities during the summer school holidays, aimed at enhancing national character and fostering greater knowledge.

Afterward, the Senior General presented food supplies to officers, soldiers, their families, and trainees from the training school, which were accepted by the Station Commander.

Following the meeting, the Senior General, along with members of his entourage, warmly greeted the attending officers, soldiers, and their families.

Subsequently, the Senior General and party visited the Tatmadaw Broadcasting Unit (Taungnyo), where they had lunch together with the officers, soldiers, and staff.

Later, at the meeting hall, Major General Zaw Min Tun, Director of the Directorate of Public Relations and Psychological Warfare, and the Commander of the Tatmadaw Broadcasting Unit (Taungnyo) presented an overview of the unit's history, *See Page 13*



Senior General Min Aung Hlaing meets officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo).

*From Page 12*

implementation of the directives from the Chairman of the State Administration Council Commander-in-Chief of the Defence Services, and the completion of tasks. They also provided explanations about daily domestic and international news and various educational and engaging programs being broadcasted.

The Senior General commenting on the presentations, emphasized the importance of observing and learning from the broadcasting practices of other domestic and international news agencies. He highlighted the need to identify the strengths and weaknesses of their own broadcasting and work towards improving their programs. He urged the team to operate professionally and achieve their goals successfully. Furthermore, he stressed that the programs broadcasted should be interesting to the audience, catering to different age groups, including both adults and youth, with suitable programs and music. He stated that broadcasting is inherently a public relations activity and that the mission of the Directorate of Public Relations and Psychological Warfare is to “inform, entertain, educate, and organize.” He pointed out that effective communication, entertainment, and education inherently contribute to organization efforts. Therefore, it is essential to carry out these activities effectively and ensure that they are beneficial. Broadcasting content that provides new knowledge and information is itself educational. Similarly, he emphasized the importance of broadcasting health awareness programs and ensuring they are accessible to all age groups. Given that the country primarily focuses on agriculture and livestock, he called for the production and broadcast of programs that educate the public about these sectors. He urged that all assigned goals and responsibilities should be carried out systematically, addressing every detail, and striving to advance the broadcasting operations.



Senior General Min Aung Hlaing observes broadcasting process.

Following this, the Senior General and his entourage toured the Tatmadaw Broadcasting Unit (Taungnyo). They observed the filming of health awareness programs and news broadcasting demonstrations, inspected the operational status of the unit, and provided necessary guidance based on presentations by the respective department heads.

Then, the Senior General inspected the site chosen for the construction of the television museum and gave necessary instructions to officials.

Afterward, the Senior General delivered an address to officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo), saying Tatmadaw TV broadcasting units have gained experience to some extent in broadcasting and are required to further improve TV broadcasting by studying the works of other local and foreign TV stations. As today is the age of technology and AI, it is necessary to learn and make efforts constantly to keep up with the changing modern times.

Every country and individual are desirous of development and make efforts to move forward. We are required to make constant efforts for socioeconomic development of individuals and the country in accordance with the motto "Keep Moving Forward to Achieve Our Goal." Works can be improved by learning and exerting efforts constantly and reviewing strengths and weaknesses of one's works. The practice of learning must be cultivated into a habit and efforts must be made to keep up with the technologies and skills that are changing with the times.

It is necessary to carry out TV broadcasting operations broad-mindedly and to perform duties in the interests of the county by broadcasting good concepts and knowledge necessary for the public. Wisdom and knowledge must be learnt and shared constantly. Broadcasting TV involves images and sound and care must be taken so that sound is correct and images are clear and flexible. Moreover, healthy habits must be cultivated. It is necessary to improve one's tasks by finding out ways and means for development of the entire operation. In conclusion, the Senior General discussed battalion building tasks such as training, administration, welfare and morale comprehensively.

After the meeting, the Senior General presented foodstuffs for officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo) to the commandant of the unit.

Then, the Senior General presented cash rewards for officers, other ranks and staff of the unit to the commandant. 100



Senior General Min Aung Hlaing enjoys lunch together with officers, other ranks and staff of Tatmadaw TV Broadcasting Unit (Taungnyo).


# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီက ယူကရိန်းထံ အဆင့်မြင့်ဟောင်ဝစ်ဇာအမြောက်စနစ်ကို ပထမဆုံးအကြိမ်ပေးပို့




ဂျာမနီနိုင်ငံသည် ယူကရိန်းနိုင်ငံသို့ RCH-155 Self-Propelled Howitzer အဆင့်မြင့် ဟောင်ဝစ်ဇာအမြောက်စနစ်ကို ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံတစ်နိုင်ငံသို့ ယခုကဲ့သို့ အဆင့်မြင့် အမြောက်လက်နက်စနစ်ကို ပထမဆုံးအကြိမ် ပို့ဆောင်ပေးခဲ့ခြင်းလည်းဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်က ရေးသားဖော်ပြခဲ့သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်စ်ပစ်တိုရီးယပ်စ်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲနေသည့် အဆိုပါလွှဲပြောင်းပို့ဆောင်မှုတွင် ရုရှားကို တန်ပြန်တိုက်ခိုက်ရန်အတွက် ယူကရိန်း၏ ကာကွယ်ရေးစွမ်းအားများ ခိုင်မာအားကောင်းစေရန်အတွက် RCH-155 ဟောင်ဝစ်ဇာအမြောက်ယာဉ် ၅၄ စီး ရောင်းချပေးသွားရန် ကတိပြုထားကြောင်း သိရသည်။

ယခုလို အဆင့်မြင့်ဟောင်ဝစ်ဇာအမြောက်ယာဉ်ကို ပေးပို့ခဲ့မှုသည် ဂျာမနီကို ယုံယုံကြည်ကြည် အားကိုးနိုင်ကြောင်း ရှင်းရှင်းလင်းလင်း အချက်ပြလိုက်ခြင်းလည်းဖြစ်သည်ဟု ဂျာမနီနိုင်ငံ ကက်ဆယ်လ်မြို့တွင် ပြုလုပ်သည့် လွှဲပြောင်းပေးအပ်သော အခမ်းအနားအတွင်း၌ ပစ်တိုရီးယပ်စ်က ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ကြေညာခဲ့သော ကနဦးသဘောတူညီချက်အရ ၎င်း၏ မြေပြင်တိုက်ခိုက်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် ယူကရိန်းနိုင်ငံသို့ RCH-155 ဟောင်ဝစ်ဇာအမြောက်ယာဉ် ၁၈ စီး ရောင်းချပေးခဲ့ကြောင်း အတည်ပြုခဲ့သည်။ နောက်ဆက်တွဲ ထုတ်ပြန်ချက်များ၌ စုစုပေါင်း ၅၄ စီးထိ တိုးမြင့်လာခဲ့သည်။

ပထမဆုံး အမြောက်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပြီးပါက စစ်မြေပြင်သို့ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးမပြုမီ ယူကရိန်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးရေးအတွက် ကနဦးအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

RCH-155 သည် ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ဘီးတပ်ဟောင်ဝစ်ဇာအမြောက်စနစ်များထဲမှ တစ်ခုအဖြစ် ကျယ်ပြန့်စွာမှတ်ယူထားသည်။ ၎င်းသည် Boxer သံချပ်ကာ လူသယ်ယာဉ်ကိုယ်ထည်ကို အလိုအလျောက်ပစ်ခတ်နိုင်သော အမြောက်ဆုံလည်နှင့် ပေါင်းစပ်ထားပြီး နောက်ဆုံးပေါ် စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားသည်။ အကွာအဝေးစွမ်းရည်အနေဖြင့် စံပြုအမြောက်ကျည်များဖြင့် ကီလိုမီတာ ၅၀ ထိလည်းကောင်း၊ အဆင့်မြင့် Vulcano အမြောက်ကျည်များဖြင့် ကီလိုမီတာ ၇၀ ထိလည်းကောင်း တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ရွေ့လျားစစ်ကစားမှုနှုန်း မြင့်မားကောင်းမွန်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ထိ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ခေတ်မီထိန်းချုပ်ရေးစနစ်များ တပ်ဆင်ထားပြီး Wishbone ကွိုင်စပရိန်၊ ရှော့ဘားတို့ နှစ်ထပ်အသုံးပြုထားသဖြင့် RCH-155 ဟောင်ဝစ်ဇာအမြောက်ယာဉ်ကို အံ့ဖွယ်အင်ဂျင်နီယာဒီဇိုင်းဖြင့် တည်ဆောက်ထားသည့် အမြောက်စနစ်ဖြစ်ကြောင်း ချီးကျူးခံခဲ့ကြရသည်။

ယူကရိန်းနိုင်ငံသို့ ဘီးတပ်ဟောင်ဝစ်ဇာအမြောက်ယာဉ်ကို ပေးပို့နိုင်ခဲ့ခြင်းသည် စစ်ရေးစွမ်းအား မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ ရန်သူ့ပစ်မှတ်များကို ယခင်ထက် ပိုမိုထိရောက်စွာတိုက်ခိုက်နိုင်စွမ်းရှိစေလိမ့်မည်ဟု မျှော်မှန်းထားကြသည်။

**Germany Hands Over Ukraine's First RCH-155 Self-Propelled Howitzer ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျက အသေးစားဒရုန်းများကို တန်ပြန်တိုက်ဖျက်နိုင်ရန် ကာကွယ်ရေးစွမ်းရည်များအဆင့်မြှင့်တင်လာ

ယူကရိန်းကဲ့သို့ ခေတ်သစ်စစ်ပွဲများတွင် ဒရုန်းများအသုံးပြုမှု တိုးတက်မြင့်မားလာချိန် ဩစတြေးလျနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော နည်းပညာဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်နိုင်ရေး ရည်မှန်းချက် ကြီးကြီးမားမားထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာနသည် အသေးစားဒရုန်းများကို တန်ပြန်ရန် ပေါင်းစပ်စနစ်တစ်ခုကို ဒီဇိုင်းရေးဆွဲ၍ တပ်ဖြန့်အသုံးပြုနိုင်ရန်ရည်ရွယ်ထားသည့် Land 156 မဟာဗျူဟာမြောက်စီမံကိန်းတစ်ရပ်ကို စတင်လုပ်ဆောင်လျက်ရှိသည်။ ၎င်း၏ စက်မှုလုပ်ငန်းကျွမ်းကျင်မှုများကိုအသုံးချကာ ဩစတြေးလျနိုင်ငံသည် လက်နက်ကိုင်တပ်ဖွဲ့များ၊ အခြေခံအဆောက်အအုံများနှင့် အခြေစိုက်စခန်းများကို အဆင့်မြင့်ဒရုန်းများဖြင့် တိုက်ခိုက်လာမှုများမှ ကာကွယ်ရန် ကြိုးပမ်းချက်တစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

Land 156 မဟာဗျူဟာမြောက်စီမံကိန်းကို တိကျသောဖွဲ့စည်းပုံနှင့်အတူ ရည်မှန်းထားသော အချိန်ကာလတစ်ရပ်အောက်တွင် ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ စက်မှုလုပ်ငန်းရှင်များကို စိတ်ဝင်စားမှုရှိပါက လာရောက်စာရင်းပေးသွင်းနိုင်ရန် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တရားဝင်တင်ဒါခေါ်ယူမှုကို ယခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် စတင်မည်ဖြစ်ပြီး မတ် ၃၀ ရက်မတိုင်မီ တင်ဒါများတင်သွင်းနိုင်မည်ဖြစ်သည်။ Systems Integration Partner(SIP) မဟာဗျူဟာမြောက် မိတ်ဖက်ဟုအမည်ပေးထားသည့် တင်ဒါရွေးချယ်မှုကြီးကို ယခုနှစ် နှစ်လယ်ပိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ကာ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် တပ်ဖြန့်အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ ရွေးချယ်ခံရမည်ဆိုပါက အဆိုပါမဟာဗျူဟာမြောက် မိတ်ဖက်ကုမ္ပဏီအနေဖြင့် ကနဦးစစ်ဆင်ရေးသုံးစနစ်ကိုအခြေခံအားဖြင့် ယခုနှစ် ဒီဇင်ဘာလတွင် တီထွင်ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ပြီး စနစ်တစ်ခုလုံးအပြည့်အဝလည်ပတ်လုပ်ဆောင်နိုင်သော ဖြေရှင်းချက်တစ်ရပ်ကို ၂၀၃၂ ခုနှစ်တွင် တပ်ဖြန့်အသုံးပြုနိုင်ရန် သတ်မှတ်ပေးထားသည်။



Land 156 စီမံကိန်းအောက်တွင် မျှော်မှန်းထားသော တန်ပြန်တိုက်ဖျက်ရေးစနစ်သည် ခေတ်မီဆန်းပြားသော အာရုံခံကိရိယာများနှင့် ကြားဖြတ်တိုက်ခိုက်ရေးစနစ်များကို ပေါင်းစပ်ပေးလိမ့်မည်ဖြစ်သည်။ ၎င်းတို့တွင် ရေဒါများ၊ အာရုံခံစနစ်များ၊ အသံနှင့် အပူငွေ့ရှာအာရုံခံစနစ်များ၊ ရေဒီယိုကြိမ်နှုန်းဖိဖျက်သည့် Jamming စနစ်များ၊ အရွေ့စွမ်းအင်သုံးလက်နက်များနှင့် စွမ်းအင်မြင့်လေဆာစနစ်များပါဝင်သည်။ ဤနည်းပညာများသည် ဒရုန်းများကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ကြားဖြတ်ပစ်ချခြင်းတို့ကို လုပ်ဆောင်နိုင်စေမည်ဖြစ်ပြီး အခြေစိုက်စခန်းများ၊ လှုပ်ရှားတပ်ဖွဲ့ဝင်များနှင့်မော်တော်ယာဉ်များ စသည်တို့ကို လွှမ်းခြုံကာကွယ်ပေးထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Land 156 စီမံကိန်းသည် ခေတ်မီခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်သောစနစ်များဖွံ့ဖြိုးတိုးတက်ရန် ဩစတြေးလျ၏ ခိုင်မာသောကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်သည်။ တက်ကြွသော အမျိုးသားစက်မှုလုပ်ငန်းနှင့် ခေတ်မီနည်းပညာများကို အသုံးချခြင်းဖြင့် ဤအစီအစဉ်သည် ဩစတြေးလျတပ်မတော်အတွက် လုံခြုံရေးနှင့် မောင်းသူမဲ့လေယာဉ် အန္တရာယ်ကြီးထွားလာမှုအပေါ် အာမခံချက်ရှိရှိ ကာကွယ်၊ တန်ပြန်နိုင်ရန် ရည်ရွယ်သည်။ ယူကရိန်းပဋိပက္ခသည် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ၏အရေးပါမှုကို အလေးပေးဖော်ပြနေသကဲ့သို့ ဩစတြေးလျနိုင်ငံသည် ဤနည်းပညာစိန်ခေါ်မှု၏ ရှေ့တန်းကျကျရပ်တည်နေပြီး ယခုနှစ်တွင် ကနဦးစွမ်းဆောင်ရည်များ၊ ၂၀၃၂ ခုနှစ်တွင် စစ်ဆင်ရေးတာဝန် အပြည့်အဝထမ်းဆောင်နိုင်မည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များပိုင်ဆိုင် ဖြန့်ကြက်သွားနိုင်စေရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**How Australia is Preparing to Counter Growing Threat of Small Drones ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




# တမူးခရိုင်တွင် ဆောင်းသီးနှံမြေပဲ ၃၂၄၃ ဧကစိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**တမူး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၁၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေပဲဧက ၂၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လက်ရှိမှာတော့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟုတမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင်မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၅၅၆ ဧက၊ တမူးမြို့နယ်တွင် ၁၀၁၂ ဧကနှင့် ခါမ်းပါတ်မြို့နယ်တွင် ၁၆၇၅ ဧက စုစုပေါင်း ၃၂၄၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူအောင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း မနောသုခ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း မနောသုခ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

" ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဘိုကလေးမြို့နယ်ကနေ မနောသုခ ဆန်တင်းရေအများအပြားရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခ ဆန်အမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်" ဟု ဘိုကလေးမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူအောင်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် ၁၀ အိတ်လျှင် ငွေကျပ် ၉၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်အိတ်များ အရောင်းအဝယ်ကောင်းလာသည့် အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် ထုံးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးတောင်ကျေးရွာအုပ်စု ထုံးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းက ထုံးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထုံးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉၈ ဦးကို ငွေကျပ် ၄၃ ဒသမ ၅၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၈ ဒသမ ၈၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၂ ဒသမ ၁၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆက်လူ

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားစဉ်။

ရှေ့ဖုံးမှအဆက်

တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ်သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ကြံ့ခိုင်ရေးလေ့ကျင့်မှုများဆောင်ရွက်ရာတွင် အသက်အရွယ်အဆင့်အလိုက် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်း ပြည့်မီအောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ **ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်သုတေသနပြုလေ့လာ၍ သင်ခန်းစာများတိုးချဲ့သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်**ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းရှိ ပြခန်းများနှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ်လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဌာနခွဲ သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားရာ၌ လေ့ကျင့်ရေးပိုင်းဆိုင် ရာများနှင့်ပတ်သက်၍ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ်တိုးတက်လျက်ရှိကြောင်း၊ “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသည့် မူဝါဒအတိုင်း စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ချမှတ်ထားရှိသည့်စည်းမျဉ်းစည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားခြင်းသည် လုပ်ငန်းတစ်ခုကျွမ်းကျင်ရေးအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့ဖတ်ရှုလေ့လာ မှတ်သားထားမှုများနှင့် အတွေ့အကြုံများကို အပြန်အလှန် ဆက်စပ်နှိုင်းယှဉ်၍ သင်ခန်းစာဖော်ထုတ်သွားရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းကျောင်းရှိ ပြခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြားပို့ချပေးသွားရန်လို၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)မှ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်စဉ်။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ အုပ်ချုပ်သူများအနေဖြင့် မိမိတို့ကွပ်ကဲနေရသူများကို စနစ်တကျကွပ်ကဲကြပ်မတ်နေရန်လိုသကဲ့သို့ ၎င်းတို့၏သက်သာချောင်ချိရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး လက်အောက်၏လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရေးစဉ်းစား တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသည့်သက်သာချောင်ချိမှုရှိသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် မလိုလားအပ်သည့် အသောက်အစား၊ အပျော်အပါးများကို လျှော့ချခြင်းဖြင့်လည်း ငွေကြေးကုန်ကျမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကာ သက်သာချောင်ချိမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးက စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လက်အောက်ကလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း။

ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာ တက်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်မတော်သားမိသားစုဝင်သားသမီးများ၏ ပညာရေးကို အမြဲမပြတ်အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။

သက်သာချောင်ချိရေးနှင့် ပတ်သက်၍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တပ်မှူးက နေ့စဉ်ပြည်တွင်း၊ပြည်ပ သတင်းများအပါအဝင် အခြားသောဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်လျက်ရှိသကဲ့သို့ မိသားစုများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာ တပ်များအလိုက် လိုက်လံနေထိုင်၍ ပါရမီဖြည့်လျက်ရှိကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကို ခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သဖြင့် အများသူငါလုပ်ဆောင်နိုင်ရန်ခက်ခဲသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း။

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့ တာဝန်ထမ်းဆောင်နေရသည့်ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့်တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီတွင် စာမေးပွဲဖြေဆိုသည့်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်လည်း လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာကိုတိုးမြှင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို) တပ်မှူးက တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ နေ့စဉ်ပြည်တွင်း၊ ပြည်ပ သတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)အတွင်း ကျန်းမာရေးအသိပညာပေးအစီအစဉ် သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြားပြည်တွင်း၊ပြည်ပသတင်းဌာနများက ထုတ်လွှင့်နေမှုများကိုကြည့်ရှုလေ့လာ၍ မိမိတို့ရုပ်သံထုတ်လွှင့်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး မိမိတို့ရုပ်သံထုတ်လွှင့်မှုများတိုးတက်စေရေးဆောင်ရွက်ရန်လိုကြောင်း၊လုပ်ငန်းများဆောင်ရွက်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ထုတ်လွှင့်သည့်အစီအစဉ်များသည် လူအများစိတ်ဝင်စားသည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ လူကြီး၊ လူငယ်များ အသက်အရွယ်အလိုက် ကြိုက်နှစ်သက်သည့် အစီအစဉ်များ၊ တေးသီချင်းများ ထုတ်လွှင့်နိုင်ရန်လိုကြောင်း။

ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ“**ပြန်ကြားပေးရန်၊ဖျော်ဖြေပေးရန်၊ပညာပေးရန်နှင့် စည်းရုံးရန်**”ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန်ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကိုဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ထို့ကြောင့် အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့်အကျိုးပြုသည့်လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ အလားတူကျန်းမာရေးအသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့် ကျန်းမာရေးအသိပညာပေးအစီအစဉ်များကို အလေးထားထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့်နားလည်နိုင်သည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာပေးအစီအစဉ်များကိုလည်း လူအများနားလည်အောင် ရိုက်ကူးထုတ်လွှင့်ပေးရန်လိုကြောင်း၊ ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန်အတွက် အသေးစိတ်ကအစ တစ်ခုချင်းစီကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို) အတွင်းလှည့်လည်၍ ကျန်းမာရေးအသိပညာပေးအစီအစဉ် သရုပ်ပြရိုက်ကူးမှု၊ သတင်းဖတ်ကြားထုတ်လွှင့်မှု သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

## ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာဆောင်ရွက်၊ မိမိတာဝန်ယူရသည့် လုပ်ငန်းရပ်များအလိုက် မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံးတိုးတက်အောင် ဆောင်ရွက်သွားရန်လို . . .

**စာမျက်နှာ ၁၇ မှအဆက်**

လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးစဉ်။

မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများကို တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်များအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ ယခုထက်ပိုမို တိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ **ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်း လေ့လာဆောင်ရွက်**နေရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းသည် တိုးတက်ဖွံ့ဖြိုးမှုကို လိုလားကြပြီး အမြဲမပြတ်ကြိုးစားအားထုတ်၍ ရှေ့သို့ချီတက်နေကြကြောင်း၊ မိမိတို့အနေဖြင့်လည်း **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”**ဟူသည့် ဆောင်ပုဒ်အတိုင်း တစ်ဦးချင်း၏လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုများနှင့် လေ့လာမှုများကို အမြဲမပြတ်ဆောင်ရွက်ခြင်း၊ မိမိလုပ်ဆောင်ထားသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်၍ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ငန်းများတိုးတက်စေရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာခြင်းကို အသားကျဖြစ်စေရေး အလေ့အကျင့်ပြုလုပ်နေရန်လိုပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် အတတ်ပညာများကိုအမီလိုက်နိုင်ရေး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့်ဆောင်ရွက်သွားရန်လိုပြီး အသိအမြင်ကောင်းများ၊ အများပြည်သူသိရှိရန် လိုအပ်သည်များကို ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမြဲမပြတ်လေ့လာဖတ်ရှု၍ ပြန်လည်ဝေမျှခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် အသံနှင့် အရုပ်နှစ်မျိုးရှိကြောင်း၊အသံနှင့်ပတ်သက်၍အသံများမှန်ရန်လိုသကဲ့သို့ ရုပ်အနေအထားသည်လည်း တည်ကြည်သည့်အနေအထားတွင် ရှိရန်နှင့် ပျော့ပျောင်းသည့်အနေအထားရှိစေရေး သတိထားရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် သွားလာနေထိုင်မှုများလည်း ရှိရမည်ဖြစ်ကြောင်း၊ **မိမိတာဝန်ယူရသည့် လုပ်ငန်းရပ်များအလိုက် မည်ကဲ့သို့ကောင်းအောင်ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း**ဖြင့် ပြောကြားပြီး တပ်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သည့် **“လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်”**တို့နှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်မှူးကလက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ(၁/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး၌ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြော ကြားသည်။



အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေ ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ဗဟို ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ နှင့် အထူးဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

ဦးစွာကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက် ရောက်လာကြသည့်ဒုတိယဥက္ကဋ္ဌ၊ ဗဟို ကော်မတီအဖွဲ့ဝင်များနှင့်အထူးဖိတ်ကြား ထားသူများက ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေး ကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီးတွင် အောက်ချင်းငှက်မျိုးစိတ် ကိုးမျိုး ကျက်စားနေထိုင်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံတွင် အောက်ချင်းငှက် မျိုးစိတ် ၁၁ မျိုး ရှင်သန်ကျက်စားလျက်ရှိ ပြီး ယင်းမျိုးစိတ်များမှ အောက်ချင်း ငှက်မျိုးစိတ် ကိုးမျိုးသည် တနင်္သာရီတိုင်း ဒေသကြီးတွင် ရှင်သန်ကျက်စားလျက်ရှိ ကြောင်း သိရသည်။

ယခုအခါ ကမ္ဘာပေါ်တွင် အောက်ချင်း ငှက်၊ အောင်လောင်နှင့် ဂေါ်ရင်ငှက်မျိုးစိတ် များ လျော့နည်းလာလျက်ရှိပြီး အချို့မှာ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အတွက် မြန်မာနိုင်ငံရှိ အောက်ချင်းငှက်မျိုးစိတ် ၁၁ မျိုးကို သစ်တောဦးစီးဌာနက လုံးဝကာကွယ်ထား သော တောရိုင်းတိရစ္ဆာန်ငှက်မျိုးစိတ် အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် အောက်ချင်း မြီးရှည်(Helmted Hornbill)ကို မျိုးသုဉ်း လုနီးပါး အန္တရာယ်ရှိသောမျိုးစိတ်အဖြစ် လည်းကောင်း၊ အောက်ချင်းခေါင်းဖြူ (White-Crowned Hornbill)ကို မျိုးသုဉ်း ရန် အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် လည်းကောင်း၊ အောက်ချင်းမည်း(Black Hornbill)၊ အောင်လောင်(Great Hornbill)၊ အောက်ချင်းလည်နီ(Rufous-necked Hornbill)၊ အောက်ချင်းလည်ဝါ (Wreathrd Hornbill)နှင့် ဂေါ်ရင်(Plain-pouched Hornbill)တို့ကို မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် အဖြစ်လည်းကောင်း ကာကွယ်ထိန်းသိမ်း လျက်ရှိပြီး အောက်ချင်းညို(Tickell's Brown Hornbill)နှင့် (Austen's Brown Hornbill)မျိုးစိတ်၊ အောက်ချင်းမျက်ကွင်း ဖြူ(Bushy-crested Hornbill)နှင့် အောက် ချင်းငှက်(Oriental Pied Hornbill)တို့ကို မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသောမျိုးစိတ် (Least Concern)အဖြစ် သတ်မှတ်ထား ကြောင်း သိရသည်။

အဆိုပါငှက်မျိုးစိတ်များသည် သစ်ပင် အခေါင်းပေါက်များတွင် အသိုက်ဆောက် နေထိုင်သော ငှက်အမျိုးအစားဖြစ်ပြီး သစ်တော၊ သစ်ပင်ကြီးများပေါများရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမတို့တွင် ကျက်စားနေထိုင်ကြကာ တနင်္သာရီတိုင်းဒေသကြီး၌ အများဆုံး ရှင်သန်ကျက်စားလျက်ရှိကြောင်း သစ် တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် မျိုးသုဉ်းပျောက်ကွယ်ရန် ရင်ဆိုင်နေရသည့် အောက်ချင်းငှက်မြီးရှည် များ တနင်္သာရီတိုင်းဒေသကြီးတွင် ကျက်စားလျက်ရှိသည့်အတွက် သစ်တော ဦးစီးဌာနသည် အောက်ချင်းမြီးရှည်ထိန်း သိမ်းရေး သုတေသနလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး သစ်တောကြိုး ဝိုင်းများတွင် အဓိကဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင် ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၂**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၁၄၉ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၉ ဦး၊ ခွဲစိတ်ရောဂါ ၁၀ ဦး၊ သားဖွားမီးယပ်ရောဂါ ခြောက်ဦး၊ ကလေးရောဂါဦးရေ ၂၀၊ အရိုးရောဂါ ၁၃ ဦး၊နား၊နှာခေါင်း၊လည်ချောင်းရောဂါတစ်ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၀ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာတစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၅ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၈၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၃ ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာ ခုနစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်မအသက်က ၇၇ နှစ် ရှိပါပြီ၊ မျက်စိဝါးလို့ လာပြတာပါ။သွေးတိုးလည်း




ရှိလို့ လာပြတာပါရှင်။မျက်စိခွဲစိတ်ကုပေးတယ်။ နား၊နှာခေါင်း၊လည်ချောင်းတွေလည်း ကုပေးပါတယ်။ ကလေးအထွေထွေရောဂါအတွက်လည်းကုပေးပါတယ်။ ကြက်ခြေနီတွေကလည်း တော်ပါတယ်။ တွဲခေါ်ပြီး လိုက်ပို့ပေးတာပါ။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ အသက်ရာကျော်ရှည်ကြပါစေ၊ဘုန်းကြီးကြပါစေ"ဟု ပြောပြသည်။

"အဘွား အခုမျက်လုံးခွဲထားတာ ခြောက်လရှိပါပြီ။ နောက်ဆုံးလုံးခွဲတာပါ။ အဲ့ခြောက်လရှိတဲ့အခါမှာ အဘွား မျက်စပ်တွေနာလို့ အခုလာပြတာဖြစ်ပါတယ်။ ဆီးချိုလည်းရှိလို့ အဲ့ဒါလည်း ပြတာပါရှင့်။ နယ်လှည့်ဆေးကုသတဲ့ အဖွဲ့တွေ ရောက်မယ်ဆိုလို့ ကျေးရွာဥက္ကဋ္ဌက ကြေညာလို့ သိရပါတယ်။ ကိုယ့်မှာဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာတွေကို ကုသပေးတဲ့အတွက်၊ ဆေးပေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီသင်္ဘောကြီးမှာလာပြတာ ပထမဦးဆုံးအကြိမ် လာပြတာဖြစ်ပါတယ်၊ တစ်နှစ်ကို လေးငါးကြိမ်လောက် လာစေချင်တာပေါ့။ အားလုံးသော ဝေဒနာဖြစ်နေတဲ့သူတွေဟာ အခုလိုဆေးခန်းကြီးလာဖွင့်ပေးတာကို အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။ (မဝ)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# စီးပွားဥစ္စာ တိုးတက်သာယာ မိတ္ထီလာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိတ္ထီလာခရိုင်သည်မြေပြန့်လွင်ပြင်ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အခွင့်အလမ်းများ လုပ်နိုင်လျှင်လုပ်နိုင်သလောက် အကျိုးရှိပြီး ပထဝီအနေအထားအရ အချက်အချာကျသော နေရာဒေသဖြစ်သည်။ ရှေးယခင်က သျှိသျှားမြို့ဟုခေါ်တွင်ခဲ့ကြောင်းသိရသည်။ ကောဇာသက္ကရာဇ် (၄၁၄)ခုနှစ်တွင် သျှိသျှားကန်ကို ပြုပြင်ဆည်ဖို့ခဲ့ရာ (၄၁၆) ခုနှစ်တွင် ပြီးစီးခဲ့သည်။ ကန်တော်ဆည်ဖို့နေစဉ်ကာလအတွင်း အနော်ရထာမင်းစောသည် အမတ်ကြီး နရသီဟပတေ့မင်းအား ယာယီနန်းမြို့တည်စေခဲ့သည်။ ထိုစဉ် သျှိသျှားကန်သည် ပုပ္ပားတောင်နှင့်ဆက်စပ်ခြင်း ရှိ၊ မရှိ မြင်းသည်တော်တစ်ဦးအား သွားရောက်ကြည့်ရှုစစ်ဆေးစေခဲ့ရာ မထိလာပါဟု လျှောက်ထားဖြေကြားခဲ့ခြင်းကို အစွဲပြု၍ ကန်တော်ကို မထိလာကန်ဟုလည်းကောင်း၊ မြို့အမည်ကို မထိလာမြို့ဟုလည်းကောင်း ခေါ်တွင်စေခဲ့ရာမှ ကာလရွေ့လျားလာသည့်အခါ မိတ္ထီလာကန်၊ မိတ္ထီလာမြို့ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။

မိတ္ထီလာမြို့သည် မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အလယ်ဗဟိုကျကျနေရာ၊ လမ်းဆုံလမ်းခွ အချက်အချာကျသောနေရာတွင် တည်ရှိနေသော မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၇၅၀ အမြင့်တွင် တည်ရှိသည်။ ယေဘုယျအားဖြင့် ညီညာပြန့်ပြူးသည့်ဒေသဖြစ်ပြီး တောင်ကုန်းတောင်တန်းငယ်များလည်းရှိသော ဒေသတစ်ခုဖြစ်သည်။ မိတ္ထီလာဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်တို့လည်းပေါများလှသည်။

ကောဇာသက္ကရာဇ် ၄၁၄ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးအုပ်ချုပ်မင်းလုပ်စဉ် နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ အဓိကသော့ချက်မှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ရေသည် အဓိကကျကြောင်း သိရှိခဲ့သည်။ သို့အတွက် မြေပြန့်လွင်ပြင်စိုက်ပျိုးမြေနှင့် စားကျက်မြေများပေါများသည့် မိတ္ထီလာဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မိတ္ထီလာကန်တော်ကြီးကို ပြုပြင်ဆည်ဖို့ခဲ့သည်။ ထိုနည်းတူ မြန်မာဘုရင်အဆက်ဆက်တို့သည်လည်း လယ်ယာစိုက်ပျိုးရေးကိုအားပေးခဲ့သည်။ လယ်ထွန်မင်္ဂလာပွဲများကျင်းပခြင်း၊ ဖုံကြီးသံသီချင်းများသီဆိုခြင်းတို့ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ဆောင်သူများကို အားပေးခဲ့သည်။ ဆည်မြောင်းတာတမံများဖောက်လုပ်ကာ စိုက်ပျိုးရေရရှိရေးကိုလည်း စီမံဆောင်ရွက်ခဲ့သည်။ ယမထာ ရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ခြေတော်တင် ... ဟူသော ဖုံကြီးသံသီချင်းကို ယနေ့တိုင်မမေ့နိုင်ဖြစ်ရသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ ကျေးလက်နေပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ တိုင်းပြည်၏စားရေရိက္ခာဖူလုံရေးအတွက်လည်း အသက်သွေးကြောဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။ ဒေသတွင်း တရားဥပဒေစိုးမိုးမှုရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းသည့်အတွက် အများပြည်သူတို့ စိတ်နှလုံးအေးချမ်းကာ စားဝတ်နေရေးအတွက် အေးချမ်းစွာရှာဖွေစားသောက်နိုင်ကြသည်။ မိတ္ထီလာမြို့တွင် အထူးခြားဆုံးမှာ မိတ္ထီလာကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာသို့မရောက်ဖူးကြသော်လည်း မိတ္ထီလာကန်တော်ကြီးကို မခင်တိုင်း၊ ကလေးငယ်တိုင်းသိကြမည်ဖြစ်သည်။ လေဘာတီမမြရင် သီဆိုထားသည့် အာယားမသီချင်းကြောင့်လည်း မိတ္ထီလာကန်တော်၏နာမည်မှာ ပိုမိုလူသိများခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဦးဆောင်ထမ်းရွက်နေစဉ်အတွင်း နိုင်ငံနှင့်ပြည်သူများအတွက် အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့စီးပွားမြင့်မားရေးကိုအထူးအလေးထားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံအတွက် စီးပွားရေးမောင်းနှင်အားရှင်သန်နေမှသာ အခြားသောနိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားတို့လည်း ရှင်သန်မည်ဖြစ်သည်။ ရှေးကလူကြီးမိဘများပြောကြားထားသကဲ့သို့မြန်မာနိုင်ငံတွင် ပဒေသာပင်မြေကပေါက်သည်ဆိုခြင်းမှာ မြေကြီးကိုအခြေတည်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်အောင်မြင်ခြင်းကို ညွှန်းဆိုခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေး လုပ်ငန်းစဉ်ဆိုသည်မှာ မည်သည့်အစိုးရလက်ထက်တွင်ဖြစ်စေ မဖြစ်မနေဆောင်ရွက်နေရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ လူတိုင်းသည် အစားအစာ စားနေကြ၍ အသက်ရှင်သန်နေထိုင်နိုင်ခြင်းဖြစ်သည်။ အစားအစာ စားသောက်ရရှိစေဖို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ဆောင်နေကြရသည်။ ထိုနှစ်မျိုးစလုံးကို အားပြည့်အင်ပြည့်လုပ်ကိုင်ဆောင်ရွက်ရန် မိတ္ထီလာခရိုင်သည် သင့်တော်သော မြေအနေအထားများလည်းရှိသည်။ ထိုမြေပေါ်တွင် စားရေးအတွက်သာမက ဝတ်ရေးအတွက် စိုက်ပျိုးဖြစ်ထွန်းသည်။ ဝါနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲသည် မိတ္ထီလာမြို့သို့ရောက်ရှိပြီး ၂၀၂၄ ခုနှစ် ဖွန်လ ၁၇ ရက်က တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)သို့ ကြည့်ရှုစစ်ဆေးစဉ် **“ပြည်ပသို့ ဝါများကို ရောင်းချမည့်အစား ပြည်တွင်း၌လိုအပ်လျက်ရှိသည့် အဆင့်မီချည်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းအပါအဝင် အခြေခံချည်ထည်အမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီဖြစ်သောကြောင့် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်လျော့ကျစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဝါများဖြင့် အရည်အသွေးမြင့် ချည်ထည်နှင့် ပိတ်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** လမ်းညွှန်ခဲ့သည်။ ထို့ပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က မိတ္ထီလာမြို့တွင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲကို တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့်အခြားသောအထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ရေး ဖွင့်လှစ်ပေးခဲ့သည်။ မိတ္ထီလာခရိုင်တွင် ဝါသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ ဝါမျိုးစုံ စုစုပေါင်း လျာထားဧက ၅၇၃၁၇ ရှိပြီး စိုက်ဧက ၃၉၃၁၂ ဧက၊ ရိတ်သိမ်းပြီးဧက ၃၅၅၀၅ ရှိခဲ့သည်။ ဝါပိဿာပေါင်း ၁၂၅၇၂၈ ပိဿာထွက်ရှိခဲ့သည်။ မိတ္ထီလာခရိုင်တွင် ချည်မျှင်ရှည်ဝါများကို မိုးကြိုကာလ၊ မိုးကာလနှင့်မိုးနှောင်းကာလတို့တွင် စိုက်ပျိုးကြသည်။

ယခု ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် နိုင်ငံတော်အကြီးအကဲက မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ် **“မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ဒေသတွင်းစိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကိုဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသည့်ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့် ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌ သာယာလှပမှု၊ အေးချမ်းစိုပြည်မှုတို့ ရှိမည်ဆိုပါက ဒေသတွင်းသို့ လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း GreenZone Area များကို မဖြစ်မနေအကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်း အလိုက်စဉ်ဆက်မပြတ်သည့် စိုက်ပျိုးရေးနည်းဖြင့် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း”** တိုက်တွန်း ပြောကြားခဲ့သည်၊

ဒေသတစ်ခုဖွံ့ဖြိုးတက်မှုမှာ ဒေသတွင်းတာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသတွင်းနေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သည်။ ဥစ္စာရှင်လို ဥစ္စာရှင်ခဲ ဆိုသည့်အတိုင်း သက်ဆိုင်သူအားလုံးက ဒေသဖွံ့ဖြိုးရေးကိုအားကြိုးမာန်တက် လုပ်ဆောင်ကြရပေမည်။ မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် အမျိုးမျိုးသော လုပ်ငန်းရှင်များဘက်ကလည်း ဟန်ချက်ညီညီလုပ်ဆောင်ကြရမည်ဖြစ်သည်။









မိတ္ထီလာခရိုင်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများလည်းရှိပြီး စက်မှုဇုန်လုပ်ငန်းများလည်း လည်ပတ်လျက်ရှိသည်။MSME လုပ်ငန်းနှင့်ပတ်သက်၍ မိမိဒေသထွက်ကုန်ကြမ်းများကို အဓိကအသုံးပြုပြီး ဆောင်ရွက်ကြလျှင် ကုန်ကြမ်းသယ်ယူပို့ဆောင်မှုစရိတ်စက သက်သာခြင်း၊ ကုန်ကြမ်းပြတ်လပ်မှုကင်းဝေးခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ One Region One Product ဖြစ်စေရေးအတွက်နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားပြီးဖြစ်ရာ မိတ္ထီလာခရိုင်အတွင်းရှိ MSME ဆောင်ရွက်သူများအနေဖြင့်လည်း ဒေသထွက်ကုန်ကြမ်းဖြစ်သည့် ဝါနှင့်ပတ်သက်သော ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေးအလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရေး၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရေး၊ ဈေးချင်းတူပါက အရည်အသွေး ကောင်းမွန်ရေး ကြိုးစားကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများမှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များမှန်ကန်မှုရှိရန်တို့ဖြစ်သည်။ စိုက်ပျိုးရေးတွင် ပင်မရင်းမြစ်မှာ စိုက်ပျိုးမြေကောင်းမွန်မှုဖြစ်သည်။

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

စိုက်ပျိုးမြေ ကောင်းမွန်နေမှလည်း သွင်းအားစုထည့်သမျှ အကျိုးဖြစ်ထွန်းပေမည်။ စိုက်ပျိုးမှုကောင်းမွန်မှုမရှိသည့်အခါ အထွက်နှုန်းလည်းကျဆင်းမည်ဖြစ်သည်။ ပိုက်ဆန်လျှော့စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများ ထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မိတ္ထီလာဒေသ၏မြေဆီမြေဩဇာကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိတ္ထီလာဒေသတွင် စိုက်ပျိုးထားသော သီးနှံများ၏ အခြေအနေကိုလည်း တင်ပြလိုပါသည်။ မိတ္ထီလာခရိုင်၏ မြေယာအသုံးချမှုအခြေအနေကို ကြည့်ပါက စိုက်ပျိုးမြေဧရိယာဧက ၇၁၇၂၇၂၊ အသားတင်စိုက်မြေ ဧက ၆၆၀၂၇၃ နှင့်လုပ်မြေ ဧက ၅၆၉၉၉ ရှိသည်။လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်မြေများကို ကဏ္ဍအလိုက် ခွဲခြားထားခြင်းဖြစ်သည်၊ ခရိုင်အတွင်းမိုးရွာသွန်းမှုအနေဖြင့်၂၀၂၄ ခုနှစ်တွင် မိုးရွာရက် ၄၇ ရက်ရှိပြီးမိုးရေချိန်လက်မ ၃၆ ဒသမ၂၀ ရှိခဲ့သည်။ စိုက်ပျိုးသီးနှံများအနေဖြင့် မိုးစပါး စိုက်ဧကမှာ ၁၁၆၄၃၆ ဧက ရှိခဲ့ပြီး နွေစပါးအား ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

မြေပဲနှင့်ပတ်သက်၍ မိုးနှင့်ဆောင်းတွင် စိုက်ပျိုးကြပြီး မိုးမြေပဲစိုက်ဧကမှာ ၄၇၂၆၉ ဧကနှင့် ဆောင်းမြေပဲစိုက်ဧကမှာ ၅၇၅၄ ဧက ဖြစ်သည်။ နှမ်းစိုက်ပျိုးမှုနှင့် မိုး၊ ဆောင်း၊ နွေ သုံးရာသီလုံး စိုက်ပျိုးလျက်ရှိရာ မိုးနှင့် ဆောင်းမြေပဲစိုက်ဧကမှာ ၃၂၄၇၂၁ ဧကရှိသည်။

နေကြာစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ မိုးနှင့်ဆောင်းတွင်စိုက်ပျိုးကြပြီး မိုးနှင့်ဆောင်း နေကြာစိုက်ဧကမှာ ၁၄၄၆၂ ဧကဖြစ်သည်။ ပဲတီစိမ်းနှင့်ပတ်သက်၍ မိုးနှင့်ဆောင်းတွင် စိုက်ပျိုးကြပြီး မိုးနှင့်ဆောင်းရာသီ ပဲတီစိမ်းစိုက်ဧကမှာ ၃၂၂၃ ဧကဖြစ်သည်။ ပဲစင်းငုံစိုက်ပျိုးမှုကို မိုးရာသီတွင်စိုက်ပျိုးကြပြီး စိုက်ဧကမှာ ၁၀၈၆၆၃ ဧကဖြစ်သည်။

မိတ္ထီလာခရိုင်မှာ ရေခံမြေခံကောင်းမွန်သည့်အတွက် စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ အာလူး၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ဖူးစားပြောင်း၊ နှံစားပြောင်းများကိုလည်းစိုက်ပျိုးကြသည်။ မိုးရာသီတွင် တိရစ္ဆာန်အစားအစာများကိုလည်းစိုက်ပျိုးကြောင်း သိရှိရသည်။ ထို့ပြင် ပဲအမျိုးမျိုးဖြစ်သည့် မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲနောက်၊ ပဲကြီး၊ ပဲကျား၊ဗိုလ်ကိတ်နှင့်အခြားသောပဲများကိုလည်းစိုက်ပျိုးကြသည်။ မိတ္ထီလာခရိုင်တွင် မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များပါဝင်ရာ အဆိုပါမြို့နယ်များအားလုံးနွေမိုးဆောင်း စဉ်ဆက်မပြတ် သီးနှံများစိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးသီးနှံမှန်သမျှ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အိမ်တိုင်း၊ မိသားစုတိုင်းနေ့စဉ်ဟင်းချက်ရာတွင် မပါမဖြစ်သော မီးဖိုချောင်သီးနှံဖြစ်သည့် ကြက်သွန်နီကိုလည်း မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးကြသည့်အတွက် အထွက်နှုန်းကောင်းအောင် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးကြရမည်ဖြစ်သည်။ ကြက်သွန်နီစိုက်ပျိုးမှုမှာဆိုလျှင်လည်း တစ်နိုင်ငံလုံး၏ ၆ ဒသမ ၉၇ ရာခိုင်နှုန်း စိုက်ပျိုးထားကြောင်း သိရှိရသည်။ ငရုတ်စိုက်ပျိုးမှုသည်လည်း ထိုနည်းအတူပင်ဖြစ်သည်။ မြန်မာ့ဟင်းတိုင်းအတွက် ပါဝင်ပစ္စည်းဖြစ်သော ကြက်သွန်နီနှင့် ငရုတ်တို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရောင်းချနိုင်မည်။ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးမည်ဆိုပါကလည်း ဝယ်လိုအားကောင်းမှုကြောင့်ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ခေတ်မီနည်းစနစ်များနှင့်အညီ စိုက်ပျိုးရမည်ဖြစ်သည်၊ယခုအခါစိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို လူသားတို့အတွက် ဦးတည်ထုတ်လုပ်ရုံတင်မက တိရစ္ဆာန်များအတွက်ပါ ဦးတည်ထုတ်လုပ်လျက်ရှိသည်။ ဆိုရပါမူ တိရစ္ဆာန်အစာစပ်စက်ရုံများပင် ဖြစ်ပါသည်။ တိရစ္ဆာန်အစာများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပက မှာယူတင်သွင်းရမှုလည်း လျော့နည်းကာ ကုန်ကျစရိတ်များလည်း သက်သာမည်ဖြစ်သည်။

မိတ္ထီလာဒေသတွင် ယခင်ကတည်းကတွင်ကျယ်စွာ ဆောင်ရွက်နိုင်ခဲ့သည့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကြီးများ၊ မိရိုးဖလာမွေးမြူရေးမှတစ်ဆင့် လှောင်မွေးစနစ်ဖြင့် မွေးမြူရေးများကို မွေးမြူရေးဆိုင်ရာခေတ်မီနည်းစနစ်များအကူအညီဖြင့် မွေးမြူကြမည်ဆိုလျှင် ဒေသတွင်းအသားထုတ်လုပ်မှုများ ယခုထက် ပိုမိုတိုးတက်အောင်မြင်ကာ နိုင်ငံအတွက် အသားထုတ်လုပ်မှု၏ဗဟိုချက်ဖြစ်လာနိုင်ပေမည်။

မိတ္ထီလာခရိုင်အတွင်း မွေးမြူထားရှိသည့်တိရစ္ဆာန်များမှာ ဥစားကြက်၊ အသားစားကြက်၊ ဒေသကြက်စုစုပေါင်း ၁၀၀၀၀၀၀ ကျော်၊ ဒေသနွားနှင့် နို့စားနွား ၄၀၀၀၀၀ ကျော်၊ ဝက်ကောင်ရေ၄၀၀၀၀ ကျော်၊ ဆိတ်ကောင်ရေ ၁၈၀၀၀၀ ကျော်နှင့် သိုးကောင်ရေ ၂၄၀၀၀ ကျော်မွေးမြူကြပြီး ၂၀၂၄ ခုနှစ်တွင် အေးခဲအသားနှင့်အသားခြောက်လုပ်ငန်းမှအသားခြောက်ထုတ်လုပ်မှု ၉၆ တန်တို့ ဆောင်ရွက်ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၉၆၅၀ ဖြင့် မိတ္ထီလာ ခရိုင်တွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးကျေးရွာစီမံကိန်းအဖြစ် မိတ္ထီလာခရိုင်တွင် ရွာပေါင်း ခုနစ်ရွာသတ်မှတ်ထားပြီး ထုတ်ချေးငွေပေါင်းငွေကျပ် ၂၄၃ ဒသမ၂၉ သန်း ထုတ်ပေးထားကြောင်း သိရှိရသည်။

လုပ်ငန်းများမှာ တစ်ခုနှင့်တစ်ခု ဆက်နွှယ်လျက်ရှိသည်၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်လျှင် မွေးမြူရေးလုပ်ငန်းကို များစွာအထောက်အကူပြုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျှင်လည်း စားရေးအတွက်သာမက သားရေထည်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင် မည်ဖြစ်သည်။ သားရေဖြင့်ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံး အဆောင်ပစ္စည်းများသည် ဈေးကွက်ဝင်ပစ္စည်းများဖြစ်သဖြင့် မွေးမြူရေးကိုအောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဆက်စပ်လုပ်ငန်းများကို အောင်မြင်စေမည်ဖြစ်သည်။စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ(Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရေးဆင့်ပွားကြိုးစားကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ရှိထားပြီးဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်သာဖြစ်သည်။လုပ်ငန်းများတိုးတက်လာသည်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှာလည်း အရှိန်မြင့်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာဒေသသည် မိုးရွာရက်နည်းသည့် ဒေသဖြစ်၍ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ခုလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကိုင်းကျွန်းမြို့ကျွန်းကိုင်းမှီသဘောတရားများအရ အစိုးရနှင့်အတူ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများ ၊ သက်ဆိုင်ရာဌာနများကလည်း ဒေသအလိုက်ဒေသခံတို့၏လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသောလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ထိုလုပ်ငန်းများကိုအခြေခံသော အဆင့်မြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး လိုအပ်သည့်သွင်းအားစုများဖြည့်ဆည်းပေးခြင်း၊ နည်းပညာအကူအညီများပေးခြင်း၊ ဈေးကွက်များ ရှာဖွေချဲ့ထွင်ပေးခြင်းတို့ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မိတ္ထီလာဒေသ၏စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူတစ်ခုဖြစ်ပေရာ အမျိုးမျိုးသောလုပ်ငန်းရှင်များဘက်ကလည်း စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း တာဝန်ရှိသူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၇ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ် **“မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းကမန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့်ပြင်ဦးလွင်ဒေသတို့ရှိအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကိုတွေ့ခဲ့ရကြောင်း၊ ထွက်ကုန်ပစ္စည်းများယခင်ကထက် ပိုမိုထုတ်လုပ်လာနိုင်သည်ကိုတွေ့ရှိရပြီး ထုပ်ပိုးမှုနှင့်အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ ဂုဏ်ပြုပြောကြားမှုများမှာ အဆိုပါဒေသများရှိ တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်နေသူများနှင့်ပြည်သူများအတွက် “အား” တစ်ရပ်ဖြစ်စေခဲ့သည်။ မိတ္ထီလာခရိုင်အနေဖြင့် ဒီထက်ပိုမိုအောင်မြင်အောင် နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုနှင့်အတူဒေသခံပြည်သူများက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ သို့မှသာ စီးပွားဥစ္စာတိုးတက်သာယာ မိတ္ထီလာအဖြစ် မော်ကွန်းတွင်နေမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။












**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန






အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ဒလမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကန်(တောင်)ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ ဒက္ခိဏာရာမကျောင်းတိုက် ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူဦးရေ ၁၅၀ တို့ကို အရိုးအကြောရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊နားနှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာရှိ မေတ္တာစွမ်းရည်ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၂၇၈ ဦးတို့ကို သွေးတိုးရောဂါ၊အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultra-sound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ဆီစက်ဂိုဒေါင်မီးလောင်ပျက်စီးဟု မဟုတ်မမှန် သတင်းတု၊သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၉ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ကျေးရွာအတွင်းရှိ ဆီစက်ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာ၊ရပ်ကွက်များအတွင်း မည်သည့်ပစ်ခတ်မှုမှလုပ်ဆောင်ခြင်းမရှိကြောင်း၊အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာ၊ရပ်ကွက်များကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ အကြောက်တရားများလွှမ်းမိုးစေရန် လက်နက်ကြီးများ၊ဒရုန်းများဖြင့်ပစ်ခတ်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်းကျရောက်ပေါက်ကွဲရာမှ နေအိမ်များမီးလောင်ပျက်စီးရကြောင်းနှင့်တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်အမှတ်(၅)ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် သုတေသနစာတမ်းများကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တို့မှ ကထိကများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ သားဖွားမီးယပ် အထူးကုဆရာဝန်၊ တပ်မတော်ဆေးတက္ကသိုလ်မှအထွေထွေသမားတော်နှင့် ဘွဲ့လွန်သင်တန်းသူများ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများကဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် လူမှုဘဝနေထိုင်မှုနှင့် အစာအာဟာရ စားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုတိုးတက်များပြားလာသောကြောင့် ယင်းအပြုအမူများကိုဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝတိုးတက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့်အချက်အလက်များဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း "Promoting a Healthy Lifestyle Addressing Health Risk Behaviors" ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာရဲတင့်လွင်က "အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ-လေ့ကျင့်ခန်းသည် ဆေးဖြစ်သည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသီတာဝင်းက "မြန်မာနိုင်ငံအတွင်းဆေးရွက်ကြီးထိန်းချုပ်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက"လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် HIV ရောဂါကိုကာကွယ်ခြင်းဖြင့် ကျန်းမာရေးကို ထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) (ရန်ကုန်)တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးကျော်သူက "ကျန်းမာရေးထိခိုက်စေသော အပြုအမူများကို ဖြေရှင်းနိုင်သောလူနေမှုပုံစံများကို စိတ်ကျန်းမာရှုထောင့်မှတင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြေးမုံထွေးက "အာဟာရသည် ကလေးဘဝမှအသက်အရွယ်ကြီးသူများထိ ကျန်းမာရေးကို မည်ကဲ့သို့ထောက်ပံ့ပေးပြီး အန္တရာယ်ရှိသောအပြုအမူများကို မည်ကဲ့သို့ကာကွယ်ပေးခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

ဝတ္ထုတိုကလျာ

# ဒလမြစ်ကို သက်သေတည်

ကနောင်(ပခန်းမြေ)



(၁)

အမယ်အိုစာသည် ကမ်းနားတွင်ရပ်၍ မြစ်ပြင်ကျယ်ထဲသို့စိုက်ကြည့်နေသည်။ဆိပ်ကမ်းသို့ သင်္ဘောတစ်စီး၊ သမ္ဗန်တစ်စီး ကပ်ဖို့လာလေတိုင်းအဝေးထဲကပင် မျှော်ငေး၍ကြည့်နေလေသည်။ သို့သော်နေသာကွယ်၍ မိုးသာချုပ်သွား၏။ မျှော်နေသူကဖြင့် ပေါ်၍ မလာ။ ညနေ ခြောက်နာရီပင်ကျော်ခဲ့လေပြီ။ အချိန် တောင်အတော်လင့်ခဲ့ပြီ ဖြစ်၏။ ပါးစပ်မှလည်း တဖွဖွနှင့်မြည်တွန်တောက်တီး၍နေလေ၏။ လူတချို့ကတော့ အမယ်အိုစာ၏ စကားတီးတိုးသံကို ကြားဟန်မထင်။

"အဘိုးကြီး ဒီအချိန်ထိ ပြန်မလာသေးဘူး။ တစ်ဖက်ကမ်းမှာ ဘယ်အငယ်အနှောင်းတွေနဲ့ တွေ့နေသလဲမသိဘူး။ ဟောဒီ ဒလမြစ်ကြီးကို သက်သေပြုခဲ့တာတွေ မေ့နေလို့ကတော့ အဘိုးကြီးနော် ဟွန်း ဟွန်း "

(၂)

နံနက် ရှစ်နာရီခွဲခန့် ပန်းဆိုးတန်းလမ်းမကြီး၏ ပလက်ဖောင်းပေါ်တွင် ဘကြီးအောင်သည် ပီနံအိတ်ခွံတစ်လုံးကို ဖြန့်ခင်းလိုက်ပြီး၊ စာအုပ်အဟောင်းများကိုထုတ်၍ စီလိုက်သည်။ရန်ကုန်မြို့ပြ၏ မနက်ခင်းသည် ရုံးသွားရုံးတက်များနှင့် စည်ကားစပြုနေပြီဖြစ်၏။

"အကြံ့ကုန်တော့လဲ ဂဠုန်ဆားချက်"ဆိုသည့်အတိုင်း အသက်အရွယ်အရလုပ်ငန်းဝန်တာကြီးကြီးမားမား မစွမ်းဆောင်နိုင်သည့်အခါ ဘကြီးအောင်ခမျာ ငယ်စဉ်ထဲကဖတ်ဖို့ဝယ်ထားသည့် စာအုပ်များကို ဝမ်းရေးအတွက်ထုတ်ရောင်းခဲ့ရပြီဖြစ်၏။ သို့သော်ဝယ်သူကား အလွန်းနည်းပါးလှပေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ယနေ့လို အိုင်တီနည်းပညာခေတ်ကြီးထဲတွင် စာအုပ်မကိုင်ဘဲနှင့် သိချင်လိုချင်သော အကြောင်းအရာများကို ယူကျူနှင့် အွန်လိုင်းဝက်ဆိုက်များပေါ်၌ လွယ်လင့်တကူရှာဖွေ၍ ရနေသောခေတ်မို့ထင်ပါရဲ့။ စာအုပ်ကိုင်၍ စာဖတ်သူနည်းပါးလာပြီး စာပေကို စိတ်ဝင်တစားဖတ်ရှုကြသည့် မျိုးဆက်လည်း နည်းပါးလာသည်။ ထို့ကြောင့် စာအုပ်လာဝယ် သူကို မျှော်ရသည်မှာ ဘကြီးအောင်အဖို့ လွယ်လှသည် မဟုတ်။

ဘကြီးအောင်ခမျာ ငယ်စဉ်အရွယ်ထဲက ဖတ်ဖို့ဝယ်စုလာသည့် အိမ်ဦးခန်းမှ စာအုပ်စာပေများကို ချရောင်းခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းဖို့ နည်းလမ်းရှာခဲ့ခြင်းဖြစ်၏၊ သို့သော် တစ်နေကုန်လို့သော်မှ စာအုပ်တစ်အုပ်ရောင်းမထွက်သည့် နေ့များလည်း ရှိ၏။ ထိုအခါ၌ဆိုလျှင် ဘကြီးအောင်သည်ဖတ်ခဲ့ဖူးသည့် သိဝီမင်းကြီး၏ ရင်တွင်းကဗျာတစ်ပိုဒ်ကိုပင် သတိ တရနှင့် ရွတ်မိတတ်လေ၏။

လွမ်းတပူဆွေးသူနှင့်ဝေးသော် ပြည်ထဲရေးနှင့် လွမ်းရေးတို့ထက် ဝမ်းရေးခက်၏။

(၃)

နေ့လယ်စာအတွက် အိမ်မှာကျန်ခဲ့သည့် အမယ်အိုစာ ထည့်ပေးလိုက်သည့် ထမင်းဖြူအထုပ်ကလေးကို ဘကြီးအောင် ဆားဖြူး၍ စားလိုက်ပြီး ရေဘူးကို ဖွင့်၍တစ်ငုံမျှ သောက်လိုက်သည်။ စိတ်ထဲမှလည်း "မသေထမင်း မသေဟင်းဆိုတာ ဒါကိုပဲ ပြောတာထင်ပါရဲ့" ဟု ဘကြီးအောင်တွေးမိလိုက်သေး၏။ အနီးရှိ စာအုပ်တစ်အုပ်ကို ကောက်ယူ၍ ဖတ်ကြည့်လိုက်သောအခါ မှတ်သားစရာစကားတစ်ရပ်ကိုတွေ့ရလေသည်။ "မဖတ်လို့ မသိ၊မသိလို့ မဖတ်ဖြင့် တဖြည်းဖြည်း စာကောင်းပေကောင်းနှင့် ဝေးလာကြသည်"ဟူ၏။

ပလက်ဖောင်းပေါ် ဖြတ်လျှောက်လာသော လူငယ်နှစ်ယောက်သည် ဘကြီးအောင်အနားသို့ ရောက်သောအခါ စာအုပ်များကို စိတ်ဝင်တစားဖြင့် မွှေနှောက်၍ကြည့်ကြလေသည်။ ဘကြီးအောင် စိတ်ထဲမှလည်း" ကံကြီးမ၍ စာအုပ်လေးများ ရောင်းထွက်ပါစေ"ဟု ဆုတောင်းလိုက်မိသည်။

" အဘိုး ဒီစာအုပ်လေးတွေ တစ်အုပ် ဘယ်လောက်လဲ"

"ငါ့မြေးဖတ်ချင်ရင် တစ်အုပ်တစ်ထောင်နဲ့သာ ယူပါကွယ်"

ထိုလူငယ်သည် စာအုပ်သုံးအုပ်ခန့်ကို ရွေးယူထားပြီးဖြစ်၏။ စာအုပ်တစ်အုပ်တန်ဖိုးသည် တစ်ထောင်မကတန်သော်လည်း ဘကြီးအောင်သည် စာအုပ်ကောင်းများကို စာဖတ်မည့်သူထံရောက်ရှိသွားခြင်းကပို၍ သင့်တော်ကောင်းမွန်၏ဟု တွေးဆပြီးငွေတစ်ထောင်ကျပ်နှင့် အရှုံးခံလျက် ရောင်းချပေးခြင်းဖြစ်၏။

ယနေ့အဖို့ညနေ နေမစောင်းမီကပင် ငွေသုံးထောင်ကျပ် ရရှိခဲ့ပြီဖြစ်၍ အဘိုးကြီး၊ အဘွားကြီး နှစ်ဦးအဖို့ ထမင်းတစ်နပ်စာ ရရှိခြင်းကလည်း တစ်ရက်တာ စိတ်အေးချမ်းမှုကို ရစေသည်။ ညနေငါးနာရီကျော်လျှင်တော့ ပန်းဆိုးတန်း၊ ကမ်းနားလမ်းမကိုဖြတ်ပြီး သမ္ဗန်စီး၍ ဒလဘက်ကမ်းသို့ပြန်ရပေဦးမည်။ ညနေ နေညိုပြီဆိုသည်နှင့်အမယ်အိုကြီးက အိမ်ပေါက်ဝကနေ အဘိုးကြီးကို မျှော်နေမည်က အသေအချာပေ။

(၄)

ညနေ ငါးနာရီကျော်အချိန်၌ ပန်းဆိုးတန်းဆိပ်ကမ်းနားတစ်ဝိုက်တွင် ဒလဘက်ပြန်ကြမည့် အလုပ်ပြန်၊ ရုံးပြန်များနှင့်စည်ကားနေသည်။ တစ်နေ့တာထွန်းလင်းတောက်ပပြီး ငုပ်လျှိုးကွယ်ပျောက်တော့မည့် နေလုံးနီနီကလည်း ရှိသမျှမာန်စွယ်ကိုချ၍ အရောင်ပြယ်စပြုလေပြီ။ မြစ်ပြင်ကျယ်တွင် တိမ်ရောင်တောက်သောအခါ ညနေခင်း၏ နေဝင်ဆည်းဆာချိန်သည် စင်ရော်ငှက်ကလေးများနှင့်အတူ လှချင်တိုင်းလှနေသည်က သဘာဝ၏ပန်းချီကားတစ်ချပ်ပမာ ကြည်နူးသာယာဖွယ်ကောင်းနေပြန်၏။

ငယ်စဉ်အခါက ဘကြီးအောင်သည် ရန်ကုန်မှဖြစ်ပြီး အမယ်အိုစာက ဒလဘက်ကမ်းမှဖြစ်သည်။ ဒလဘက်မှနေ၍ မြို့ထဲ ဗိုလ်ချုပ်ဈေးသို့ အလုပ်လာလုပ်သည့် အမယ်အိုစာနှင့် သိမ်ကြီးဈေးအနီးတစ်ဝိုက်၌ ကုန်တင်ကုန်ချလုပ်သည့် ဘကြီးအောင်တို့ ဖူးစာရေစက် အကြောင်းပါလာသောအခါ ညားခဲ့ကြသည်။

ထိုအချိန်က ဘကြီးအောင်သည် အမယ်အိုစာ ညနေအလုပ်ပြန်ပြီဆိုသည်နှင့် ပန်းဆိုးတန်း ဆိပ်ကမ်းထိ လိုက်ပို့လေ့ရှိသည်။ တစ်ခါတစ်ရံ၌ သမ္ဗန်တစ်စီးကို အပြတ်ငှား၍ နှစ်ဦးသားစီးခဲ့ကြသည်။ ပန်းဆိုးတန်း ဆိပ်ကမ်းမှ ဒလဘက်ကမ်းသို့ ကူးခပ်သည်နှင့် အမယ်အိုစာသည် မြစ်ပြင်ကျယ်ထက်တွက် ငှက်စာများကို ပစ်ကျွေးတတ်လေသည်။ ထိုအခါ စင်ရော်ငှက်များသည် အုပ်စုလိုက်ပျံသန်းလာကြပြီး အလုအယက်ပင် စားသောက်ကြလေ၏၊ စင်ရော်ငှက်တွေကို ကြည့်၍ အမယ်အိုစာပျော်နေသောအခါ၊ ဘကြီးအောင်ခမျာ ကြည်နူးရွှင်ပျ ပျော်မဝနှင့် မြင်ပြင်ကျယ်လို ရင်ခုန်လှိုင်းထရှိခဲ့ဖူးကြသည့် အတိတ်တွေကို ပြန်မြင်ယောင်၊ ကြားယောင်မိနေလေသည်။ ယခုလည်းကြည့်လေ သမ္ဗန်ပေါ်မှာ မြေးမလေး တစ်ယောက်ဖွင့်ထားသည့် သီချင်းကလည်း လွမ်းမောဖွယ်ရာ အတိတ်အကြောင်းများကို ပြန်ပြောင်း အောက်မေ့ဖွယ်ကောင်းနေပြန်၏ ။

(၅)

ကိန္နရီကိန္နရာ တစ်ညတာ ချောင်းခြားခဲ့စဉ်က နှစ်ပေါင်းခုနစ်ရာဆွေးခဲ့ကြရသလိုပင်။ ဘကြီးအောင်တို့ငယ်စဉ်ကလည်း အမယ်အိုစာနှင့် နေ့စဉ်ဆုံ၍ ညစဉ်ခွဲခဲ့ကြရသည်။ ဒလမြစ်ကြီးခြားခဲ့သော်လည်း ဘဝတွေ မခြားစေဖို့-

"အိုစာရယ် ဘယ်လောက်ထိချစ်လည်းလို့ မေးမနေပါနဲ့။ ဟောဒီ ဒလမြစ်ကြီးရှိနေသ၍ အိုစာကို ပဲချစ်နေမယ်။ ဒလမြစ်ရေတွေခန်းပါမှ အိုစာကို မုန်းမယ် မေ့မယ်ပါတဲ့ဗျာ"

တစ်ချိန်တစ်ခါက အမယ်အိုစာကို ပြောခဲ့ဖူးသည့်စကား၊ ကုန်တင်ကုန်ချ အလုပ်ကြမ်းတွေလုပ်နေရသည့် လူကြမ်းကြီးဘကြီးအောင်က စာပေဖတ်တာဝါသနာပါသူပီပီ သမုဒယနှင့် အနုအလှဖွဲ့၍ ပြောခဲ့ဖူးသည့် စကားလုံးလှလှကလေးတွေဖြစ်သည်။

ထိုစကားလုံးတွေကို ဘကြီးအောင် မမေ့သလို အမယ်အိုစာလည်း မေ့မည်မဟုတ်။ သမီးရည်းစားဘဝတွင် နေ့စဉ်ဆုံတွေ့ပြီး နေ့စဉ်လည်းခွဲခဲ့ကြရသည်။ အမယ်အိုစာနှင့် ညားပြီးမှသာ ဒလဘက်ကမ်းကို လိုက်နေ၍ အိုအောင်၊မင်းအောင် ပေါင်းနေရခြင်းဖြစ်၏။ ယခုခေတ်နှောင်းလူငယ်တွေလည်း တစ်ဖက်ကမ်းသူနှင့် ချစ်ကြိုက်မိခဲ့ပါလျှင် ရန်ကုန်နှင့်ဒလ နေ့စဉ်နှင့်အမျှ တဒင်္ဂခွဲနေကြရဦးမည်ဖြစ်သည်။

"ဒုန်း"

" ဟာ တိုက်ပြီ မှောက်ကုန်ပြီ လုပ်ကြပါအုံး။ ရေနစ်သူတွေကို အမြန်ကယ်ဆယ်ဖို့ လုပ်ကြပါအုံးဟေ့ "

မြစ်ပြင်ကျယ်ထဲ ဝရုန်းသုန်းကားဖြစ်သွားသည်။ ကမ်းစပ်မှလူများလည်း အော်ကြီးဟစ်ကျယ်နှင့် တစ်ယောက်တစ်ပေါက်ဆူညံနေကြ၏။ သမ္ဗန်နှစ်စင်း အရှိန်ပြင်းပြင်းနှင့်မတော်တဆတိုက်မှုကြောင့် မြစ်ရေထဲတွင် ခရီးသည်များ နစ်မြုပ်သွားကြသည်။ ရေနစ်သူတွေကိုအမြန်ကူဖို့ကယ်ဆယ်ရေးများလှုပ်ရှားကြ၏။ ကမ်းစပ်တွင် လူများအုတ်အော်သောင်းနင်းနှင့်တစ်ယောက်တစ်ပေါက် ဆူညံနေကြ၏။ မိုးကုတ်စက်ဝန်း အနောက်ယွန်းယွန်းတွင် နေလုံးသည် ကွယ်ပျောက်သွားလေပြီ။

(၆)

''ရော့ဟေ့ အိုစာ။ ဒီနေ့ ကျုပ် စာအုပ်ရောင်းရတာလေးတွေ"

ဘကြီးအောင်ကရလာသမျှပိုက်ဆံတွေကို၊ထုံးစံအတိုင်း အမယ်အိုစာကိုအပ်သည်။ အမယ် အိုစာက မယူ၊ အိမ်ပြန်နောက်ကျ၍ စိတ်ဆိုးနေဟန်ရှိသည်ဟုဘကြီးအောင် တွေးလိုက်မိသည်။ သုံးဘီးဆိုင်ကယ်၏ရှေ့တွင် အမယ်အိုစာကထိုင်သည်။ အခါတိုင်းဆိုလျှင် ဘကြီးအောင်က ရှေ့မှထိုင်ပြီး အမယ်အိုစာက နောက်မှထိုင်သည်။ ယနေ့တော့ဖြင့် စိတ်ဆိုးဆိုးနှင့်ရှေ့မှထိုင်ပြီး ငြိမ်နေတာကို တွေ့ရသည်။ ဘကြီးအောင်လည်း အိမ်ရောက်မှအကျိုးအကြောင်းပြော၍ချော့တော့မည်ဟုတွေးလိုက်သည်။

အိမ်ရှေ့သို့ရောက်လျှင်ဆိုက်တွဲပေါ်မှဆင်းလိုက်ကြသည်။ အမယ်အိုစာက ဆင်းပြီးသည်နှင့် တဲအိမ်ကလေးထဲတန်းဝင်သွား၏၊ရောင်းမကုန်၍ ပြန်ပါလာသည့် စာအုပ်ကလေးများကိုပင် အခါတိုင်းကဲ့သို့ ကူမသယ်၊ ဘကြီးအောင် အိမ်ထဲသို့ဝင်တော့ မှိန်စုပ်စုပ် ဘတ္တရီမီးရောင်အောက်တွင် အိမ်နီးနားခြင်း တချို့လည်းရောက်နေကြသည်ကို တွေ့ရ၏၊ အခါတိုင်းဆိုလျှင် အဘိုးကြီး အဘွားကြီးအိမ်သို့ ဘယ်သူမှလာလေ့မရှိကြအကြောင်းတော့ရှိရပေမည်။ အမယ်အိုစာကိုကြည့်တော့ တရှုံ့ရှုံ့နှင့် ငိုနေသည်။ ဒလမြို့ထဲ၌ သီတင်းသုံးနေထိုင်သည့် အမယ်အိုစာ၏မောင်ဖြစ်သူ ဘုန်းကြီးက ဘုရားစင်အောက်တွင် ထိုင်နေ၏။ ကြမ်းပြင်ပေါ်တွင်လည်း တုံးလုံးလှဲနေသည့်ပုဂ္ဂိုလ်တစ်ယောက်မတုန်မလှုပ်နှင့် ငြိမ်သက်နေသည်ကို တွေ့ရသည်။ ဘကြီးအောင် သေချာကြည့်မိလိုက်

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၄၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၄၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၅၉၇ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲဧက ၁၅၁၄၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၅၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမက ပြည်ပပို့ကုန်အဖြစ်ပါတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် မတ်ပဲသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများ ဝယ်ယူမှုကောင်းမွန်နေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကန်စွန်းဥများ ပေါ်နေချိန်ဖြစ်ပြီး ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ကန်စွန်းဥ အမျိုးအစားက မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥဆိုပြီး အမျိုးအစားနှစ်မျိုးရှိပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ကန်စွန်းဥ အမျိုးအစားနှစ်မျိုးစလုံးကိုစိုက်ပျိုးကြပါတယ်။ အခုလို ကန်စွန်းဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ ကန်စွန်းဥစိုက်တဲ့တောင်သူတွေ ဈေးကောင်းရသလိုလယ်ယာလုပ်သားတွေလဲအဆင်ပြေလာတာတွေ့ရတယ်" ဟု ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ပါမှ အံ့ဩထိတ်လန့်စွာနှင့် ဘုရားတမိလေတော့၏။

"ဟင် ဘုရား ဘုရား ဘုရား။ ကြမ်းပြင်ပေါ်ကပုဂ္ဂိုလ်က ငါ ... ငါပါလား ။ ဒါဆို ငါ "

ဘကြီးအောင် အမယ်အိုစာကို ကိုင်လှုပ်၍ ခေါ်ကြည့်သည်။ ကြားဟန်မပြု လှည့်၍ပင်မကြည့်မသိကျိုးကျွန်ပြုနေ၏။ ကြမ်းပြင်ပေါ်က ပုဂ္ဂိုလ်ကို အနီးကပ်ပြန်ကြည့်လိုက်ပြန်သည်။

" ဟုတ်တယ်။ ဒီကြမ်းပြင်ပေါ်က ပုဂ္ဂိုလ်ဟာ ငါမှ ငါ "

ထိုအခါမှ ဘကြီးအောင်ခမျာ အမယ်အိုစာဘေးတွင်အရုပ်ကြိုးပြတ်ငုပ်တုတ်ထိုင်ချပစ်လိုက်သည်။ ဘုန်းကြီးက အမယ်အိုစာကို တရားချနေလေ၏။

"ဘယ်တတ်နိုင်မှာလဲ အိုစာရယ်။ သတ္တဝါတစ်ခု၊ ကံတစ်ခုပဲပေါ့။ ရေစက်ရှိသလောက်လဲ တွေ့ကြုံပေါင်းသင်းခဲ့ရပြီမဟုတ်လား။ အချစ်ကြောင့် သောကဖြစ်ရတယ်။ ချစ်ခင်တွယ်တာမှုတွေဟာ သံသရာရှည်ကြောင်းတရားတွေပဲ၊ ချစ်ခင်တွယ်တာမှုတွေများလေ၊ သောကတွေလည်းပိုများရတယ်ပိုခံစားရတယ်။ ခင်ပွန်းဖြစ်သူနဲ့ ရေစက်ရှိသလောက်ပေါင်းစပ်ဆုံစည်းခွင့်ရခဲ့ကြပြီးပြီ။ ဟောရေစက်တွေကုန်ကြပြန်တော့ ခွဲကြရပြန်တယ်။ လောကမှာ ဘယ်အရာမှမမြဲဘူး အိုစာ။ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေကတော့ မြဲတဲ့ထာဝရ ဓမ္မတွေပဲ။ ဒါ့ကြောင့် သွားတဲ့သူကသွားပြီဆိုတော့ ကိုယ့်ကိုယ်ကိုယ်တရားနဲ့ပဲ ဖြေပါ အိုစာရယ်။"

ညသည် တဖြည်းဖြည်းနှင့် ညဉ့်နက်ခဲ့ပြီဖြစ်၏။ မနက်ဖြန် နေ့သစ်ရောက်သည်နှင့် ဘကြီးအောင်၏ ရုပ်ကလာပ်ကို သုသာန်သို့ ပို့ဆောင်၍ သင်္ဂြိုဟ်ကြပေလိမ့်မည်။ အဘိုးနှင့်အဘွား၏ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ နေလာခဲ့ကြသမျှဘဝသည် ယခုတော့ ခွဲကြရလေပြီ။ ဘကြီးအောင် မရှိတော့သော်လည်း ဒလမြစ်ကြီးကတော့ အမြဲမပြတ်စီးဆင်းနေဆဲဖြစ်၏။ ဘယ်သောအခါမှလည်း ခန်းခြောက်မည်မဟုတ်ပေ။

ညနေမိုးချုပ်ပြီဆိုသည်နှင့် အမယ်အိုစာသည် ကမ်းနားတွင်ရပ်၍ မြစ်ပြင်ကျယ်ထဲသို့ စိုက်ကြည့်နေသည်။ ဆိပ်ကမ်းသို့ သင်္ဘောတစ်စီး သမ္ဗန်တစ်စီး ကပ်ဖို့လာလေတိုင်း အဝေးထဲကပင် မျှော်ငေး၍ကြည့်နေလေသည်။ သို့သော် နေသာကွယ်၍ မိုးသာချုပ်သွား၏။ မျှော်နေသူကပေါ်၍မလာ။ အမယ်အိုစာ၏ရှုတ်မှုလည်း တဖွဖွနှင့်မြည်တွန်တောက်တီးမပြတ်။ ထိုအချိန်ဆိုလျှင် မြစ်ပြင်ကျယ်လှိုင်းရေပြင်ထက်ဝယ် စင်ရော်ငှက်ကလေးတစ်ကောင်သည် ကြင်ဖော်ဝေးသည့်ပမာနယ် တစ်ကောင်ထဲပျံသန်းလျက်ရှိနေ၏။

# ဘုံဘဝဝယ်

\- ဆင်းရဲရဲ ချမ်းသာသာ
တို့တစ်တွေ မနုံမမဲ့စေနဲ့
ဂုဏ်နဲ့သိက္ခာ၊
ရိုးသားလို့ ဖြောင့်မှန်ပါ
အကောက်ကြံတာ သိက္ခာမဲ့၊
ကိုယ့်ဘဝတာ သမိုင်းအရှိကို
တိုင်း သိပေရဲ့။

\- ဆင်းရဲရဲ ချမ်းသာသာ
တို့တစ်တွေ မညှိုးအားပဲ
ကြိုးစားရမှာ၊
ပန်းတိုင်ထိ ဖွဲ့တင်ပါ
ပွဲဝင်ကာ ယှဉ်ပြိုင်မှန်း၊
အောင်မြေဆီ မရောက်ရောက်အောင်
တောက်လျှောက် တက်လှမ်း။

\- ဆင်းရဲရဲ ချမ်းသာသာ
တို့တစ်တွေ အရိုးထုတ်ဖို့
မိုးချုပ်ဦးမှာ၊
နောက်ဆုံးနေ့ ထိုဆည်းဆာ
ခရီးတာ လမ်းမှာလဲ၊
နောင်တပိုး မပါရအောင်
ဘဝပန်းကို အလှဆုံး
အိုကွယ်...
ပျိုးဦးဖို့ပဲ။ ။

**လွမ်းလေးကို (သရက်)**

# ဘားအံမြို့နယ် ကရင်ဖာလင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ဖာလင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်မှတာဝန်ရှိသူများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က ကုန်ထုတ်လမ်းကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ကရင်ဖာလင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်နှစ်ပေ ကိုးလက်မရှိ ဂဝံကျောက်ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၀၇ ဒသမ ၈၅၇သန်းဖြင့် ရာမညအောင်ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယအပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သဖြင့် အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ဧက ၂၀၀ ကျော်မှထွက်ရှိလာမည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ပြောပြ၍ သိရသည်။

**ကိုသက်**

# ၂၀၂၅ ခုနှစ်တွင် ဘဏ္ဍာငွေပိုမိုရှာဖွေသွားမည့် မြောက်ကိုရီးယားနိုင်ငံ

မောင်သောင်းဝင်း(တမန်ဟောင်း)

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနှင့် မဟာမိတ်ဆက်ဆံရေးပြန်လည်တည်ဆောက်ခြင်း၊ တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးထူထောင်နိုင်ခြင်းနှင့် နိုင်ငံတကာပိတ်ဆို့မှုများ အားနည်းလာခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ်ကထက် ရပ်တည်ချက် ပိုမိုခိုင်မာအားကောင်းလာမှု အနေဖြင့် ၂၀၂၅ ခုနှစ်ကို ကြိုဆိုခဲ့သည်။

မြောက်ကိုရီးယားသတင်းအေဂျင်စီက ၂၀၂၅ ခုနှစ်ကို ဆိုရှယ်လစ်ဝါဒ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအား ပိုမိုမြင့်မားသော အဆင့်တစ်ရပ်ရောက်ရှိလာစေမည့် ကြီးမားသော အပြောင်းအလဲနှစ်အဖြစ် ဖော်ပြခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒအရတိုင်းပြည်၏ ကာကွယ်ရေးစက်မှုလုပ်ငန်းနှင့် ကျေးလက်ဒေသများတွင် စီးပွားရေးစွမ်းဆောင်ရည်ခိုင်မာအားကောင်းမှု၏ အရေးပါမှုကိုအလေးထား ပြောကြားသွားခဲ့သည်။

နိုင်ငံရေးလေ့လာသုံးသပ်သူများက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် ငြိမ်းချမ်းသော ပြန်လည်ပေါင်းစည်းမှုလုပ်ငန်းစဉ်ကို ရှောင်ရှားပြီးနောက် ၂၀၂၄ ခုနှစ်အတွင်း ကန့်သတ်ထိန်းချုပ်မှုများ လုပ်ဆောင်လာခဲ့သဖြင့် တောင်ကိုရီယားနိုင်ငံနှင့် စစ်ပွဲဆင်နွှဲရန် မဟာဗျူဟာမြောက်ဆုံးဖြတ်ချက် ချမှတ်သွားလိမ်မည်ဟု သုံးသပ်ပြောကြားမှုများရှိခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားစီးပွားရေးနှင့် နည်းပညာများရရှိရေးအတွက် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို ကူညီရန်တပ်ဖွဲ့ဝင် ၁၀၀၀၀ စေလွှတ်ခဲ့သော်လည်း ၎င်းတပ်ဖွဲ့ဝင်များသည် သရုပ်မှန်ကိုဖုံးကွယ်ရန် ကြိုးပမ်းသည့်အနေဖြင့် မြောက်ကိုရီးယားစစ်ဝတ်စုံများကို ဝတ်ဆင်ထားခြင်းမရှိပေ။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပြုံယမ်းမြို့ပေါ်သို့ မြောက်ကိုရီးယားဆန့်ကျင်ရေးဝါဒဖြန့်စာများ ကြဲဖြန့်သည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည် ပြန်လည်တုံ့ပြန်မှုနည်းလမ်းတစ်ရပ်အနေဖြင့် တပ်ဖွဲ့များအသုံးပြုခဲ့ခြင်း မရှိပေ။ တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် စစ်အုပ်ချုပ်ရေးကြေညာသွားမည့် ၎င်း၏ အစီအမံများမှန်ကန်ကြောင်း မျှော်လင့်ချက်ဖြင့်ဝါဒဖြန့်စာများကြဲဖြန့်ကာ မြောက်ကိုရီးယားနိုင်ငံကို ရန်စခဲ့သည်ဟု တချို့သောလေ့လာသုံးသပ်သူများက ကောက်ချက်ချခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကို အာရုံစိုက်ရန်ထက် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို ကူညီခြင်းနှင့် ဘဏ္ဍာငွေရှာဖွေခြင်းတို့ဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံကို စစ်ပွဲဆင်နွှဲခြင်းထက် တိုင်းပြည်အတွက် ဘဏ္ဍာငွေရှာဖွေမှုကို နှစ်ဆတိုးလုပ်ဆောင်သွားလိမ့်မည်ဖြစ်ကြောင်း အချက်အလက်များစွာကညွှန်ပြလျက်ရှိသည်။

ပထမဆုံးသောညွှန်ပြချက်သည် ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် မြောက်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် ခဲယမ်းနှင့် ပဲ့ထိန်းဒုံးကျည်များ လိုအပ်ချက်ဖြစ်ပေါ်နေခြင်းသည်မြောက်ကိုရီးယားနိုင်ငံ၏ စစ်ဘက်စက်မှုလုပ်ငန်းအတွက် အခွင့်အလမ်းကောင်းတစ်ခုပင်ဖြစ်သည်။ အကြောင်းမူကား လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံသည်၎င်း၏ စစ်လက်နက်ပစ္စည်းများအတွက် ဝယ်လက်ရှာဖွေနေသောကြောင့်ပင်ဖြစ်သည်။

ယူကရိန်းပဋိပက္ခမတိုင်မီက မြောက်ကိုရီးယားနိုင်ငံ၏လက်နက်စက်ရုံများသည် အီရန်နှင့် ဆီးရီးယားသို့လက်နက်များတင်ပို့နေသော်လည်း ကုန်ကြမ်းပစ္စည်းနှင့် စွမ်းအင်လိုအပ်ချက်ကြောင့် အပြည့်အဝလည်ပတ်နိုင်ခြင်းမရှိခဲ့ပေ။ မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံ ၏ လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် လက်နက်စက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်းကို သိသိသာသာမြှင့်တင်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် စက်ရုံများစွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှပေးချေသည့် လက်နက်တန်ဖိုးကို စက်ရုံအလုပ်သမားများအတွက် ဂျုံမှုန့်ဖြင့် တိုက်ရိုက်လက်ခံခဲ့သည်။

**❖အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုဖြစ်သော ခရီးသွားလုပ်ငန်းတို့တွင် မြောက်ကိုရီးယားနိုင်ငံ၏ တိုးမြင့်လာသော ရင်းနှီးမြှုပ်နှံမှုများသည် ဘဏ္ဍာငွေရှာဖွေသွားလိုသော ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ရုရှားနိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်ရန် မြောက်ကိုရီးယားနိုင်ငံ၏ ဆုံးဖြတ်ချက်သည် အမေရိကန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေးကို ပိုမိုဆိုးရွားလာစေလျက်ရှိသော်လည်း ၎င်းဆုံးဖြတ်ချက်သည် တောင်ကိုရီးယားနိုင်ငံနှင့် စစ်မက်ဖြစ်ပွားသည်ထက် ရုရှားထံမှ ဘဏ္ဍာငွေပိုမိုရှာဖွေသွားရန်ပင်ဖြစ်သည်။ ❖**

ကင်ဂျုံအန်အနေဖြင့် ရုရှား - ယူကရိန်းပဋိပက္ခ ဖြစ်ပွားကတည်းက လက်နက်စက်ရုံများသို့ မကြာခဏသွားရောက်မှုသည် ၂၀၂၃ ခုနှစ် ကာကွယ်ရေးပစ္စည်းပြပွဲ၌ မြောက်ကိုရီးယားလက်နက်များကို ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိဂူကို ပြသလိုခြင်းဖြစ်သည်။ ထို့ပြင် ၂၀၂၄ခုနှစ်အစောပိုင်းတွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် စီးပွားရေးကော်မရှင်အရ အမျိုးသားကာကွယ်ရေး စက်မှုလုပ်ငန်းထူထောင်သွားမည့် ၎င်း၏ ကြံဆလုပ်ဆောင်မှုသည် ဘဏ္ဍာငွေတိုးမြှင့်ရရှိရေးအတွက် ယူကရိန်းပဋိပက္ခတွင် လက်နက်များတိုးမြှင့်တင်ပို့သွားမည့် မြောက် ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာကို မီးမောင်းထိုးပြသလျက်ရှိသည်။

ရုရှားနိုင်ငံသို့ လက်နက်များ တင်ပို့ရောင်းချလျက်ရှိသည့်အပြင် ရုရှားအစိုးရသည် မြောက်ကိုရီးယားစစ်သားတစ်ဦးလျှင် လစဉ်လစာ အမေရိကန်ဒေါ်လာ၂၀၀၀စီ ပေးအပ်လျက်ရှိသည်။ ရုရှားနိုင်ငံသို့ မြောက်ကိုရီးယားတပ်ဖွဲ့များ စေလွှတ်ခြင်းသည် ကင်ဂျုံအန်၏ စိတ်ကူးစိတ်သန်းဖြစ်ကြောင်းနှင့် ဘဏ္ဍာငွေလိုအပ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိကြောင်း အမေရိကန်ထောက်လှမ်းရေးသတင်းအရင်းအမြစ်က ပြောဆိုလျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံ၏ လက်နက်နှင့် တပ်ဖွဲ့ဝင်များအတွက် အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံက နည်းပညာကမ်းလှမ်းမှုသည် မြောက်ကိုရီးယားနိုင်ငံ၏ စက်မှုလုပ်ငန်းအတွက် အရေးပါလျက်ရှိပြီး လက်နက်ဝယ်လက်များ ပိုမိုရှာဖွေသွားဖွယ်ရာရှိသည်။ ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် မြောက်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် တောင်ကိုရီးယားနိုင်ငံကို စစ်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်နေခြင်းတော့မဟုတ်ပေ။ ဆိုရလျှင် အိမ်နီးချင်းနိုင်ငံကို စစ်ဆင်နွှဲလိုသောရည်ရွယ်ချက်ရှိသည့် နိုင်ငံတစ်နိုင်ငံသည် အလှမ်းကွာဝေးသည့်နေရာရှိ ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံတစ်နိုင်ငံသို့ လက်နက်ရောင်းချခြင်းနှင့် တပ်ဖွဲ့စေလွှတ်ခြင်းတို့ လုပ်ဆောင်သွားလိမ့်မည်မဟုတ်ပေ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအပေါ် မြောက်ကိုရီးယားနိုင်ငံ၏ အာရုံစိုက်လာခြင်းသည်လည်း တောင်ကိုရီးယားနိုင်ငံနှင့် ငြိမ်းချမ်းလိုသောစိတ်ကူးရှိနေပြီး ဘဏ္ဍာငွေရှာဖွေသွားလိုသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ကင်ဂျုံအန်အစိုးရသည် ကိုဗစ်၁၉ အလွန်ကာလတွင် ပြည်သူများ၏ စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် လာမည့် ၁၀ နှစ်ကျော်အတွင်း မြို့ ၂၀ တွင် ခေတ်မီစက်ရုံများ တည်ဆောက်ခြင်းဖြင့် ကျေးလက်နှင့် မြို့ပြလူနေမှုကွာဟချက်ကို ပေါင်းကူးပေးရန်နှင့် စားသောက်ကုန်များ ပိုမိုထုတ်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုလုပ်ဆောင်ခြင်းဖြင့် အဖြေရှာလျက်ရှိသည်။

သို့သော် ကျေးလက်ဒေသများသည် လုပ်အားနှင့် ကုန်ကြမ်းပစ္စည်းများ အလွန်အမင်းလိုအပ် လျက်ရှိပြီးအစိုးရအနေဖြင့်လည်း အသုံးဆောင်ပစ္စည်းများ ဝယ်ယူရန်နှင့် အခြေခံအဆောက်အအုံများအဆင့်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှု ပြတ်လပ်လျက်ရှိသည်။ အစိုးရအနေဖြင့် လာမည့် ၁၀ နှစ်အတွင်း မြို့ ၂၀ တည်ဆောက်သွားနိုင်မည်လားဆိုသောအချက်နှင့် စပ်လျဉ်း၍လည်း ပြည်သူများအကြား သံသယများ ကြီးထွားလာလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် မြို့ပြတည်ဆောက်ရေးမူဝါဒကို အကောင်အထည်ဖော်လျက်ရှိသည့်အပြင် စက်ရုံအသစ်များတည်ဆောက်ရာတွင် စစ်ဘက်ကို တာဝန်ပေးထားလျက်ရှိသည်။ ပြည်တွင်း စီးပွားရေးလုပ်ငန်းများတွင် စစ်ဘက်အားတာဝန်ပေးအပ်ခြင်းသည် တောင်ကိုရီးယားနိုင်ငံကို မကြာမီအချိန်အတွင်း စစ်ဆင်နွှဲရန်မရှိသေးဟုဆိုသည့် မြောက်ကိုရီးယားနိုင်ငံ၏ ရည်ရွယ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။

ရုရှားနိုင်ငံအနေဖြင့် တပ်ဖွဲ့ဝင်များစေလွှတ်မှုအတွက် မြောက်ကိုရီးယားနိုင်ငံကို ငွေကြေးပေးချေခြင်းသည် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုအတွက် အရင်းအနှီးများကိုလည်း ရရှိစေလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေးမြှင့်တင်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို ပြည်တွင်းစီးပွားရေးအခွင့်အလမ်းများ ပေးလျက်ရှိသည့်အပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံကို ကျူးကျော်လိုသည့်ဆန္ဒမရှိကြောင်း ခိုင်မာသောဆုံးဖြတ်ချက်ကို သက်သေပြလျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကျဆင်းမှုနှင့် မြို့ ၂၀ အကောင်အထည်ဖော်ခြင်းသည် စစ်ပွဲကို ဆန့်ကျင်လျက်ရှိသည်။

ခရီးသွားလုပ်ငန်း ပြန်လည်အကောင်အထည်ဖော်ရန်ကြိုးပမ်းမှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာငွေရှာဖွေမှုကို ညွှန်ပြလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြည်ပခရီးသွားများ ဆွဲဆောင်ရန်ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်ဆိုင်းခဲ့ရသည်။ ၂၀၂၄ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနှင့် တရုတ်ခရီးသွားများကို အကန့်အသတ်ဖြင့် ဝင်ရောက်ခွင့်ပြုခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသည် ခရီးသွားလုပ်ငန်းကို ပြန်လည်အားပေးသွားလိမ့်မည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် တရုတ်၊ ရုရှားနိုင်ငံတို့နှင့် နယ်မြေထိစပ်လျက်ရှိသော မြောက်ပိုင်းဟန်ယွန်းပြည်နယ်ရှိ Mount Chilboနှင့် ယန်ဂန်ပြည်နယ်ရှိ Mount Paektu တို့တွင် ခရီးသွားအဆောက်အအုံများ တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် Mount Kumgang ခရီးသွားဇုန်ရှိ အဓိကအပန်းဖြေအဆောက်အအုံများတွင် ဝန်ဆောင်မှုမြှင့်တင်ရန်အတွက် အသက်အရွယ်ကြီးသူများနေရာတွင် ခရီးသွားကောလိပ်ကျောင်းဆင်းလူငယ်များနှင့် အစားထိုးတာဝန်ပေးအပ်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံ ခရီးသွားလုပ်ငန်း၏ဗဟိုချက်မအဖြစ်သဘောထားသည့် Wonsan-Kalma အပန်းဖြေနေရာသို့ ကင်ဂျုံအန်၏ သွားရောက်လည်ပတ်မှုသည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်းမှရရှိသည့်ရန်ပုံငွေကိုအသုံးပြုသွားမည့် ၎င်း၏ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ စင်စစ်အားဖြင့် အိမ်နီးချင်းနိုင်ငံနှင့် စစ်ဖြစ်နေသော နိုင်ငံတစ်နိုင်ငံသည် ပြည်ပခရီးသွားများကို ပြန်လည်ကြိုဆိုသွားလိမ့်မည်မဟုတ်ချေ။

ကာကွယ်ရေးစက်မှုလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုဖြစ်သော ခရီးသွားလုပ်ငန်းတို့တွင် မြောက်ကိုရီးယားနိုင်ငံ၏ တိုးမြှင့်လာသောရင်းနှီးမြှုပ်နှံမှုများသည် ဘဏ္ဍာငွေရှာဖွေသွားလိုသော ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ရုရှားနိုင်ငံသို့တပ်ဖွဲ့များစေလွှတ်ရန် မြောက်ကိုရီးယားနိုင်ငံ၏ဆုံးဖြတ်ချက်သည် အမေရိကန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေးကို ပိုမိုဆိုးရွားလာစေလျက်ရှိသော်လည်း ၎င်းဆုံးဖြတ်ချက်သည် တောင်ကိုရီးယားနိုင်ငံနှင့် စစ်မက်ဖြစ်ပွားသည်ထက် ရုရှားထံမှ ဘဏ္ဍာငွေ ပိုမိုရှာဖွေသွားရန်ပင်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ အနေဖြင့်တိုက်ခိုက်လိုသည့်ဆန္ဒသာရှိနေမည်ဆိုလျှင် ယွန်ဆွတ်ယိုး၏ မြောက်ကိုရီးယားဆန့်ကျင်သော စကားလုံးများပါရှိသည့် စစ်အုပ်ချုပ်ရေးကြေညာမှုအပေါ် အမြတ်ထုတ်အသုံးချသွားနိုင်ပေသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှား- ယူကရိန်းပဋိပက္ခမှ ဘဏ္ဍာရေးအကျိုးအမြတ်ရရှိနေသောကြောင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ရွေးကောက်ခံရမှုကို လျစ်လျူရှုထားလျက်ရှိသည်။ အထူးသဖြင့် ထရန့်အနေဖြင့် ရုရှားနိုင်ငံ၏ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ဆုလာဒ်များကို ယှဉ်ပြိုင်နိုင်စွမ်းမရှိလျှင် ကင်ဂျုံအန်အနေဖြင့် ၎င်းနှင့် ထိတွေ့ဆက်ဆံသွားဖွယ်ရာမရှိပေ။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် အတွင်း တောင်ကိုရီးယားနိုင်ငံကို စစ်ပွဲဆင်နွှဲသွားမလားဆိုသောအချက်သည် ပြန်လည်ပေါင်းစည်းရေးအတွက် မြောက်ကိုရီးယားနိုင်ငံ၏ စစ်ပွဲဆင်နွှဲလိုသောစိတ်ဆန္ဒထက် တောင်ကိုရီးယားနိုင်ငံ၏ မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းအပေါ်တွင် မူတည်နေမည်ဖြစ်ပေသည်။

**ကိုးကား**

- **North Korea in 2025: Make Money Not War By The Diplomat.**

# ထီးချိုင့်မြို့နယ်တွင် နှမ်းများ စိုက်ကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၃ ဒသမ ၄၅ တင်းထွက်ရှိ



ထီးချိုင့် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် နှမ်းများ စိုက်ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၃ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၀၈၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၀၈၈ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၈၀၈၈ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် နှမ်းများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ဒိုင်းတရာ(မြန်မာ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်သစ်များ ရွေးချယ်

ဖြူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းတရာ(မြန်မာ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်သစ်များ ရွေးချယ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်း သတ်မှတ်ချက်များ၊ ထမ်းဆောင်ရမည့် တာဝန်နှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် ဒိုင်းတရာ(မြန်မာ)ကျေးရွာ၌ တာဝန်ထမ်းဆောင်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်သစ် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

ကိုညို

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရွှေသွယ်ရင်စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရွှေသွယ်ရင်စပါးအမျိုးအစားတင်းရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်း ရွှေသွယ်ရင်စပါးတင်းရေ အများအပြား မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်" ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေထံမှ သိရသည်။

ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် မကျီးချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျီးချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦး ကို ငွေကျပ် ၁၈၀ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် သိန်း ၁၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၃၃၃ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ

# မောက်မယ်မြို့နယ် ကဒူးလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မောက်မယ် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မယ်မြို့နယ် ကဒူးလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကဒူးလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက လမ်းရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကဒူးလေးကျေးရွာ၌ လမ်းအရှည် ပေ ၇၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၈ ဒသမ ၉ သန်း အသုံးပြု၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းထံမှ သိရသည်။

အေးသူ

# အဂတိကင်းကွာ လွန်ချမ်းသာ အပိုင်း (၃)

လင်းလက်

**လူမှုစီးပွားဘဝလုံခြုံရေး**

၃၁ ဘုံတွင် လူ့ဘုံလောက လူ့ဘဝသည် ကောင်းမှု၊ မကောင်းမှုတို့ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပြီး ကောင်းမှုကုသိုလ်များဖြင့်သာ မွေ့လျော်၍ လောကကောင်းကျိုးကိုသယ်ပိုးနိုင်ရန် အခွင့်အလမ်းရှိသည်။ ကောင်းမှုကုသိုလ်များကို ကိုယ်တိုင်ပြုလုပ်သကဲ့သို့ မိမိကျင်လည်ရာ ပတ်ဝန်းကျင်ရှိသူများကိုလည်း မကောင်းမှုဒုစရိုက်များကိုရှောင်ရှား၍ ကောင်းမှုသုစရိုက်များကိုသာ တန်ဖိုးထားတတ်သူများဖြစ်စေရေး ကြိုးစားရန်လိုအပ်သည်။မကောင်းမှုဒုစရိုက်များကိုရွံရှာစက်ဆုပ်သောစိတ်ဖြင့် ရှောင်ကြဉ်ကြရန် လိုအပ်သကဲ့သို့ မကောင်းမှုဒုစရိုက်ကျူးလွန်သူများ၏ မှားယွင်းသောလုပ်ရပ်များကိုလည်းတတ်နိုင်သမျှ တားဆီးသွားကြရန် လိုအပ်သည်။

မကောင်းမှုများကို တွန်းလှန်တိုက်ဖျက်ကြသူများမရှိပါက ဒုစရိုက်သမားများက ပိုမိုအတင့်ရဲလာကြပြီး ဒုစရိုက်လုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာကြမည်ဖြစ်သည်။ တရားမျှတမှုကို လိုလားသူတိုင်းသည် မတရားမှုများကိုတတ်နိုင်သည့် ဘက်ကတိုက်ဖျက်ကြရန်လိုသည်။ အစိုးရတိုင်း၏တာဝန်သည် ပြည်သူလူထု၏လူမှုစီးပွားဘဝများကိုအလေးထားကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကိုထိခိုက်စေမည့် "လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု" စသည့်ပြစ်မှုများကို နှိမ်နှင်းနိုင်ရန် စနစ်တကျဆောင်ရွက်ရသည်။ အစိုးရအနေဖြင့် ထိုလုပ်ငန်းတာဝန်များကိုသက်ဆိုင်ရာဌာနအဖွဲ့အစည်းများကို တာဝန်ပေးဆောင်ရွက်စေသည်။

**မတရားမှုကိုရှာဖွေဖော်ထုတ်**

ပြစ်မှုများ၏ သဘောသဘာဝသည် ခက်ခဲနက်နဲရှုပ်ထွေးပြီးဖြစ်ပွားသည့်နေရာနှင့် ဖြစ်ပွားမှုပုံစံများက ရှာဖွေဖော်ထုတ်ရန် အလွန်ခက်ခဲသည်။ လူမှုပတ်ဝန်းကျင်အတွင်း မမြင်ကွယ်ရာတွင် ပုန်းကွယ်ဖြစ်ပွားလေ့ရှိသဖြင့် မတရားမှုများကို လက်သင့်မခံလိုသည့်စိတ်ဖြင့် သတင်းပေးဖော်ထုတ်သူများ၏ အခန်းကဏ္ဍကအရေးကြီးလာသည်။ လာဘ်ပေးလာဘ်ယူမှုအပါအဝင် တံစိုးလက်ဆောင်ပေးခြင်း လက်ခံခြင်းကဲ့သို့သော အဂတိလိုက်စားမှုများ၏ သဘောသဘာဝကပိုမိုနက်နဲပြီးမမြင်ကွယ်ရာတွင် တိတ်တဆိတ်လျှို့ဝှက်စွာ ဖြစ်ပွားလေ့ရှိသဖြင့် ရှာဖွေဖော်ထုတ်ရာတွင် မတရားမှုကိုတွန်းလှန်လိုသူများ၏ စွမ်းအားကိုအားကိုးရသည်။ မကောင်းမှုကျူးလွန်သူများကလည်း ခြိမ်းခြောက်အကြပ်ကိုင်ခြင်းကအစပြု၍ နည်းလမ်းမျိုးစုံသုံး၍ သတင်းပေးဖော်ထုတ်သူများကို နှောင့်ယှက်ဟန့်တားကြသည်။ အများအကျိုးအတွက် ရည်မျှော်ကိုး၍ သတင်းပေးဖော်ထုတ်သူများကို ထိခိုက်နစ်နာစေမည့်အရေးကို ကာကွယ်နိုင်ရန်အတွက် သတင်းပေးဖော်ထုတ်သူ အကာအကွယ်ပေးရေးကိစ္စရပ်များကို နိုင်ငံတိုင်းက ဆောင်ရွက်လာကြပြီး သတင်းပေးဖော်ထုတ်သူများအတွက် လုံခြုံစိတ်ချရသည့် အခြေအနေများကို ဖန်တီးပေးကြသည်။

အကြောင်းကိစ္စတစ်ခုကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းဖြင့် မမှန်မကန်ဆုံးဖြတ်ဆောင်ရွက်၍ အဂတိလိုက်စားမှုကျူးလွန်သည့် အလေ့အထများရှိနေပါက လွယ်ကူစွာ သတင်းပေးပို့ တိုင်ကြားနိုင်သည့်စနစ်များ ထူထောင်ထားရန်လိုအပ်သည်။ အများအကျိုးအတွက် ဆောင်ရွက်၍ မတရားမှုကိုဖော်ထုတ်လိုသူများအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများကိုရင်ဆိုင်ကြုံတွေ့ရနိုင်သော်လည်း အချိန်တန်သည့်အခါ အမှန်တရားကသာ အနိုင်ရစမြဲဖြစ်သည်။ မကောင်းမှုဒုစရိုက်များကိုဖြစ်စေသည့် အခြေခံအကြောင်းတရားများဖြစ်သည့် အဂတိလိုက်စားမှုများကို တွန်းလှန်တိုက်ဖျက်ရာတွင်လည်း ထို့အတူပင်ဖြစ်သည်။ မည်သည့်နိုင်ငံတွင်မဆို အဂတိလိုက်စားမှုများကို ရှာဖွေဖော်ထုတ်အရေးယူရာတွင် သတင်းပေးပို့တိုင်ကြားချက်များကိုသာ အခြေခံ၍ ဆောင်ရွက်ရသည်။

**❖လူ့ဘောင်လောက သာယာလှပစေရေးကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် အဂတိတရားလေးပါးကို လူသားတိုင်းက ရွံရှာသည့်စိတ်ဖြင့် ကိုယ်တိုင်မကျူးလွန်မိစေရေး ကြိုးစားကြရမည်ဖြစ်သကဲ့သို့ ကျူးလွန်မှုများကို တွေ့သည့်အခါတွင်လည်း ဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်သည်။ ဘုရားလောင်းခွေးမင်းကဲ့သို့သော စိတ်ဓာတ်ဖြင့် မတရားမှုများကိုခေါင်းငုံ့မခံဘဲ အထောက်အထားခိုင်လုံစွာ ဖော်ထုတ်သွားကြခြင်းဖြင့် အမှန်တရားဘက်တော်သားများအဖြစ် ရပ်တည်သွားကြရန် လိုအပ်သည်။ ❖**

**လူမှုပတ်ဝန်းကျင်သာယာလှပစေဖို့**

မတရားမှုများကို သတင်းပေးပို့ဖော်ထုတ်တိုင်ကြားသူများ၏လုပ်ရပ်သည် မကောင်းမှုပြုလုပ်သူများကိုထိုက်သင့်သည့် ပြစ်ဒဏ်ပြန်လည်ခံစားစေသည့် လုပ်ရပ်ပင်ဖြစ်ပြီး တစ်ဖက်တွင်လည်း ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အစိုးရနှင့်လက်တွဲ၍ ကာကွယ်ခြင်းဖြစ်သဖြင့် လူမှုပတ်ဝန်းကျင်သာယာလှပစေရေးကို ပံ့ဖော်ပေးသည့် ကောင်းမွန်သည့်လုပ်ရပ်ပင်ဖြစ်သည်။ လူ့ဘောင်လောကသာယာလှပရေးတွင် မကောင်းမှုဒုစရိုက်များကင်းစင်ရေးကအရေးကြီးသဖြင့် အဂတိလိုက်စားမှုများကိုရှင်းလင်းရာတွင် ပူးပေါင်းပါဝင်ရေးကလည်း အရေးကြီးသည်။ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ကာ ဖြစ်လာနိုင်သည့်အကျိုးဆက်များကို ကြံ့ကြံ့ခံရင်ဆိုင်ရဲသည့်စိတ်ဓာတ်များ လူတိုင်းတွင်ရှိနေမည်ဆိုပါက မကောင်းမှုဒုစရိုက်ကျူးလွန်သူများအတွက် ခိုအောင်းစရာနေရာမရှိနိုင်ပေ။

**လိမ်လည်လှည့်ဖြားအဂတိတရား**

မြတ်စွာဘုရားရှင်က လောကတွင် မကောင်းမှုပြုလုပ်သူများကို တန်ပြန်တိုက်ထုတ်လိုသည့် အမှန်တရားဘက်တော်သားများကြောင့် လူမှုပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်စောင့်ရှောက်နိုင်ကြောင်းကို ပါရမီဖြည့်စဉ် ဘဝဖြစ်စဉ်များကို ဥပမာပြု၍ ဟောကြားခဲ့သည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြုစိုးစံစဉ် တစ်နေ့သ၌ မိုးများစွာ ရွာသွန်းသည့်အခါတွင် နန်းတော်ရင်ပြင်၌ရပ်၍ထားသော မင်္ဂလာရထားမှသားရေတို့သည် အနံ့ထွက်၍လာသဖြင့် မှူးကြီးမတ်ရာသေနာပတိတို့ မွေးမြူထားသော နန်းတော်တွင်းမှခွေးများက ကိုက်ဖြတ်စားသောက်ကုန်၏။

နောက်တစ်နေ့တွင် မင်းကြီးက မင်္ဂလာရထားစီးရန် ပြင်သည့်အခါတွင် ရထားမှာပျက်စီး၍နေသဖြင့် အမျက်မာန်ရှကာဒေါသပွား၍နေပြီး မင်္ဂလာရထားမည်သည့်အတွက်ကြောင့် ပျက်စီးသည်ကိုမေးမြန်းတော်မူလေသည်။ မှူးကြီးမတ်ရာသေနာပတိတို့လည်း ၎င်းတို့ကိုယ်တိုင် မွေးမြူထားသောခွေးများက ကိုက်ဖြတ်စားသောက်သဖြင့် ဘုရင်မင်းမြတ်၏ မင်္ဂလာရထားပျက်စီးသွားသည်ကို သိသော်လည်း အမှန်အတိုင်းလျှောက်တင်ရန် မဝံ့ရဲကြပေ။ မိမိတို့မွေးမြူထားသောခွေးများက မင်္ဂလာရထားမှ သားရေများကို ကိုက်ဖြတ်စားသောက်၍ ပျက်စီးသွားသည်ကို မင်းကြီးသိပါက မိမိတို့၏ခွေးများကို စနစ်တကျထိန်းသိမ်းထားခြင်းမရှိဟုဆိုကာ အမျက်တော်ရှဒေါသပွားကာ အပြစ်ပေးနိုင်သည်။

မိမိတို့၏ ပုဂ္ဂလိကအကျိုးစီးပွားထိခိုက်မည်ကို စိုးရိမ်ပြီး ဆန္ဒာဂတိလိုက်စားကာ လိမ်လည်လှည့်ဖြား၍ နန်းတော်ပြင်ပမှ ခွေးလေခွေးလွင့်များက လာရောက်ကိုက်ဖြတ်စားသောက်၍သာ မင်းကြီး၏ မင်္ဂလာရထားပျက်စီးသွားကြောင်း လိမ်လည်လျှောက်တင်လိုက်လေသည်။

**ကြောက်စရာကောင်းသည့် အဂတိလိုက်စားမှု**

မင်းကြီးလည်း မင်္ဂလာရထားပျက်စီးသွားသည့်အပေါ် ဒေါသစိတ်ဖြစ်ကာ မှူးကြီးမတ်ရာသေနာပတိတို့၏ လိမ်လည်လှည့်ဖြား၍ ဆန္ဒာဂတိလိုက်စားကာ လျှောက်တင်မှု၊ အမှားအမှန်ပိုင်းခြားနိုင်စွမ်းကင်းသည့် မောဟာဂတိလိုက်စားမှု၊ မိမိပစ္စည်းပျက်စီးဆုံးရှုံးသွားသဖြင့် ဒေါသတရားဖုံးလွှမ်းသွားပြီး ဒေါသာဂတိလိုက်စားမှုတို့ဖြင့် ဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက်ကြောင့် နန်းတော်ပြင်ပမှခွေးများကို မင်းမှုထမ်းတို့ လိုက်လံသတ်ဖြတ်ခြင်းကို ခံနေရသည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ခွေးမင်းဘဝဖြင့် ခွေးအပေါင်းခြံရံလျက် နန်းတော်ပြင်ပရှိ သုသာန်၌ နေလေသည်။ မြို့တွင်းသို့ အစာရေစာရှာဖွေစားသောက်ရန် ထွက်ခွာသွားသောခွေးတို့သည် မင်းမှုထမ်းတို့၏ အကြောင်းမဲ့လိုက်လံသတ်ဖြတ်ခြင်းကိုခံနေရသဖြင့် ခွေးမင်းထံသို့ လာရောက်ကာ ကယ်တင်ပေးပါရန် အကူအညီတောင်းလေသည်။ ထိုအခါ ခွေးမင်းသည် မိမိ၏ တပည့်သားသမီးများခံစားနေရသည့် ဒုက္ခမှကယ်တင်နိုင်ရန် အကြောင်းစုံကို မေးမြန်းလေသည်။ အထောက်အထားမခိုင်လုံ၍ အဖြစ်မှန်ကိုသိရန် ကိုယ်တိုင်ကြိုးစားပြီး ဘုရင့်ထံသို့ သွားခဲ့သည်။

**ကယ်တင်ရှင်စင်စစ်ဖြစ်ဖို့ရာ**

နန်းတော်တွင်းမှ ခွေးများက ကိုက်ဖြတ်စားသောက်လိုက်သဖြင့် ဘုရင့်ရထားပျက်စီးသွားသည်ကို နန်းတော်ပြင်ပမှ ခွေးများကြောင့်ဖြစ်ရသည်ဟု လိမ်လည်လျှောက်ထားသဖြင့် ခွေးများဒုက္ခရောက်ရသည်ကိုသိသည့်အခါ ရဲရဲဝံ့ဝံ့ပင် နန်းတော်တွင်းသို့ ဝင်၍ ဘုရင်ထံ သံတော်ဦးတင်လျှောက်ထားလေသည်။ ဒေါသထွက်ပြီး အရာရာကိုအမှန်မမြင်နိုင်သည့်ဘုရင်သည် ဘုရားလောင်းခွေးမင်း၏ လျှောက်တင်ချက်ကို ယုံကြည်လက်ခံခြင်းမရှိပေ။ မိမိ၏အပါးတော်မြဲများဖြစ်ကြသည့် မှူးကြီးမတ်ရာသေနာပတိတို့၏စကားကိုသာ ယုံမှတ်မှားနေသဖြင့် သက်သေအခိုင်အမာပြသပါရန် ပြောလေသည်။

ဘုရားလောင်းခွေးမင်းကလည်း နန်းတော်တွင်းက ခွေးများကိုစုဝေးစေ၍ နေစာမြက်ကိုထောင်းကာ ရက်တက်ရည်နှင့်ရော၍တိုက်သဖြင့် ခွေးများသည် စားထားသောသားရေများကို ပြန်၍အန်ကုန်လေသည်။ ထိုအခြင်းအရာကိုပြသကာ ဘုရားလောင်းခွေးမင်းက "မြတ်သောမင်းကြီး မင်းရထားမှ သားရေကိုစားသောခွေးများမှာ နန်းတော်တွင်းမှ မှူးကြီးမတ်ရာသေနာပတိတို့ မွေးမြူအပ်သောခွေးများသာဖြစ်သည်။ မှူးမတ်တို့၏ ဆန္ဒာဂတိလိုက်စားကာ လိမ်လည်တင်ပြမှု၊ မင်းကြီး၏ မှူးမတ်တို့ကို ချစ်ခင်ရင်းစွဲစိတ်ကိုအရင်းတည်သည့် ဆန္ဒာဂတိလိုက်စားမှု၊ အမှားအမှန် ဆင်ခြင်နိုင်စွမ်းကင်းမဲ့သည့် မောဟာဂတိလိုက်စားမှု၊ မိမိပိုင်ပစ္စည်းဆုံးရှုံးသဖြင့် ဒေါသတရားဖြင့် ဒေါသာဂတိလိုက်စားကာ ဆုံးဖြတ်မှုတို့ကြောင့် အပြစ်မဲ့သည့် သတ္တဝါများစွာ ပျက်စီးဆုံးရှုံးရလေပြီ"ဟု ခိုင်မာသော သက်သေနှင့်တကွ လျှောက်ထားသည်။ ထိုအခါမှ မင်းကြီးလည်း အဖြစ်မှန်သိကာ ခွေးများကိုသတ်စေသည့်အမိန့် ကို ယုတ်သိမ်းသဖြင့် ခွေးအပေါင်းတို့ အသက်ချမ်းသာရာ ရခဲ့လေသည်။

**မကောင်းမှုများကိုဖော်ထုတ်ကြပါစို့**

မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ်ကာလ ခွေးမင်းဘဝက အမှန်တရားအတွက် ကြိုးစားဖော်ထုတ်ခဲ့သည့်ဖြစ်စဉ်ကို ပြန်လည်လေ့လာကြည့်သည့်အခါတွင် မကောင်းမှုဟူသမျှသည် ဆိတ်ကွယ်ရာမရှိ အချိန်တန်သည့်အခါ ပေါ်ပေါက်ရစမြဲဖြစ်သည်ကို တွေ့ရသည်။ မကောင်းမှုများကို လက်တုံ့ပြန်၍ တရားမျှတမှုကို တောင်းဆိုသည့်အခါတွင်လည်း မှန်ကန်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရန်လိုသည့် အချက်ကိုတွေ့ရသည်။ အမှန်တရားဘက်တော်သားအဖြစ် ရပ်တည်လိုသော်လည်း သက်သေအထောက်အထားခိုင်လုံစွာဖြင့်တင်ပြနိုင်မှသာ အောင်မြင်မှုကို ရနိုင်သည်။

လူ့ဘောင်လောက သာယာလှပစေရေးကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် အဂတိတရားလေးပါးကို လူသားတိုင်းက ရွံရှာသည့်စိတ်ဖြင့် ကိုယ်တိုင်မကျူးလွန်မိစေရေး ကြိုးစားကြရမည်ဖြစ်သကဲ့သို့ ကျူးလွန်မှုများကို တွေ့သည့်အခါတွင်လည်း ဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်သည်။ ဘုရားလောင်းခွေးမင်းကဲ့သို့သော စိတ်ဓာတ်ဖြင့် မတရားမှုများကို ခေါင်းငုံ့မခံဘဲ အထောက်အထားခိုင်လုံစွာ ဖော်ထုတ်သွားကြခြင်းဖြင့် အမှန်တရားဘက်တော်သားများအဖြစ် ရပ်တည်သွားကြရန် လိုအပ်သည်။ သို့ဖြစ်ရာ မြတ်စွာဘုရားရှင်ဟောကြားခဲ့သော တရားများနှင့်အညီ မကောင်းမှုဒုစရိုက်များကို တွန်းလှန်တိုက်ဖျက်လိုသူများ၏ စွမ်းအားဖြင့် အဂတိလိုက်စားမှုများ လျော့နည်းသွားပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ပါသည်။

**ကိုးကား**

- **ကုက္ကုရဇာတ်၊ ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ပ-တွဲ)၊ ညောင်ကန်ဆရာတော်ဘုရားကြီး၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်မှုဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အချုပ်အခြာအာဏာပိုင်တည်တံ့ခိုင်မြဲသော ရေ၊ မြေ လေပိုင်နက်နယ်နိမိတ်နှင့် ခိုင်မာသောလူမျိုးသမိုင်း၊ ခိုင်မာသောနိုင်ငံသမိုင်းအစဉ်အလာများဖြင့် ရပ်တည်ခဲ့သည့်နိုင်ငံတော်ကြီးဖြစ်သည်။

ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား မှာညီညွတ်မျှတပြီး ကုန်းမြေနယ်နိမိတ်တစ်လျှောက်တွင် ရိုးမတောင်တန်းကြီးများက အတားအဆီးတံတိုင်းကြီးများသဖွယ် တည်ရှိနေသည်။ မြေပြန့်လွင်ပြင်များ၊ မြေသြဇာကောင်းမွန်သည့် မြစ်ဝကျွန်းပေါ်ဒေသများ၊ နုန်းတင်မြေနုကိုင်းကျွန်းလယ်ယာမြေများဖြင့် ကျယ်ပြန့်စွာတည်ရှိသည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့်မြစ်ကြီးများ၊ မြစ်ငယ်များ၊ ချောင်းကြီး၊ ချောင်းငယ်များ စီးဆင်းလျက်ရှိသဖြင့် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် ရေအရင်းအမြစ်များ ပေါကြွယ်ဝသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ အဖိုးတန်ကျောက်မျက်ရတနာ၊ ဓာတ်သတ္တုစသည့်သယံဇာတများ၊ ကမ်းနီး၊ ကမ်းလွန်ပင်လယ်ပြင်များမှ သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ပစ္စည်းများ ပေါကြွယ်ဝသည်။ မဟာဗျူဟာမြောက်အရေးပါသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံ အလယ်ပိုင်းပုံတောင်ဒေသတွင် တွေ့ရှိခဲ့သော ပုံတောင်ဂျီးယား (Pondaumgia) နှင့် အင်ဖီပီသီးကပ်စ်(Amphipithecus) ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ လူသားမျိုးနွယ်အစ မြန်မာကဟုပင် ယူဆနိုင်သည်။ ရှေးမြန်မာများသည် နိုင်ငံအတွင်း တောင်ပေါ်မြေပြန့်ရေကြည်ရာမြက်နုရာဒေသများတွင် နေထိုင်ကြရင်း ရေမြေဒေသကိုလိုက်၍ ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများအပေါ်မူတည်ကာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများ ဖြစ်လာကြသည်။

မြန်မာဟူသောအမည်မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းကိုသာ ရည်ညွှန်းကိုယ်စားပြုသည့် အမည်မဟုတ်။ မြန်မာဆိုသည်မှာ မြန်မာနိုင်ငံတွင် အစဉ်အဆက်နေထိုင်ခဲ့ကြသော တိုင်းရင်းသားများကို ခြုံခေါ်သောအမည်ဖြစ်သည်။ တစ်ခုတည်းသော ပိုင်နက်နယ်မြေအတွင်း ရှေးအစဉ်အဆက်ကတည်းကပင် အတူလက်တွဲနေထိုင်ခဲ့ကြသည့်ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အမည်ဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၃ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် မတရားကျူးကျော်စစ်များ ဆင်နွှဲကာ တိုက်ခိုက်သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။ ပထမကျူးကျော်စစ်မှ လွတ်လပ်ရေးပြန်လည်ရရှိသည့်ကာလထိ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။ လွတ်လပ်ရေးဆုံးရှုံးသွားခဲ့သည့် အချိန်မှစ၍ တိုင်းရင်းသားများသည် အသက်၊ သွေး၊ ချွေးများပေးဆပ်ကာ လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးသည် အလွယ်တကူ ပြန်လည်ရရှိခဲ့ခြင်းမဟုတ်။ ကျွန်ဘဝတွင် နယ်ချဲ့၏ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးအောက်၌ အသက်ရှင်နေကြရသည်။ နိုင်ငံတော်၏မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သဘာဝအရင်းအမြစ် အဖိုးတန်ပစ္စည်းများကို မတရားထုတ်ယူခြင်းခံခဲ့ကြရသည်။

လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် တောင်ပေါ်မြေပြန့်ရှိ တိုင်းရင်းသားအားလုံးက မိမိတို့ဒေသအသီးသီးမှ ရရာလက်နက်များစွဲကိုင်ကာ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများဆင်နွှဲခဲ့ကြသည်။ နယ်ချဲ့တို့က လက်နက်ကိုင်တော်လှန်ရေးများကို ရက်စက်စွာနှိမ်နင်းကြသဖြင့် အောင်မြင်မှုမရခဲ့။

**❖ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲနေရန် ဝံသာနုရက္ခိတဆိုသည့် မိမိနိုင်ငံနှင့်မိမိလူမျိုးကို အစဉ်စောင့်ရှောက်နေကြရမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါးဖြစ်သည့် ဗြဟ္မစိုရ်တရားနှင့်အညီ စည်းလုံးညီညွတ်စွာနေထိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြရမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသောစိတ်ဓာတ်ဖြစ်သည်။ ❖**

၁၈၉၇ ခုနှစ်မှစတင်၍ ဘာသာရေးကိုအခြေခံသည့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ စသည့်အသင်းအဖွဲ့များဖွဲ့စည်းကာ နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာပြီး နိုင်ငံရေးတိုက်ပွဲများဖြင့် နယ်ချဲ့ကိုဆန့်ကျင်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ် ဆရာစံတောင်သူလယ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြီးများ ဆင်နွှဲကာ နယ်ချဲ့ကိုဆန့်ကျင်ခဲ့ကြသည်။

နိုင်ငံရေးနည်းလမ်းဖြင့် လွတ်လပ်ရေးတောင်းဆို၍မရနိုင်။ လက်နက်နှင့် တော်လှန်မှသာလွတ်လပ်ရေးရနိုင်မည်ကို တို့ဗမာအစည်းအရုံးနှင့် ပြည်သူ့အရေးတော်ပုံပါတီဝင်များကဆုံးဖြတ်ခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအတွက် အကူအညီရှာဖွေခဲ့ကြရာ ဂျပန်နိုင်ငံ၏အကူအညီရခဲ့သဖြင့် ၁၉၄၁ ခုနှစ် ဩဂုတ်လတွင် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံသို့သွားရောက်၍ စစ်ပညာသင်ကြားခဲ့ကြသည်။ စစ်ပညာသင်ကြားခဲ့သော လူငယ်များသည် လွတ်လပ်ရေးတိုက်ပွဲဝင်ရန် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ၁၉၄၂ခုနှစ် ဇန်နဝါရီလတွင် စစ်ကြောင်းကြီးလေးကြောင်းခွဲကာ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဂျပန်တပ်များနှင့်အတူ အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့ကြသည်။ ဂျပန်တို့သည် မော်လမြိုင်ကို သိမ်းပိုက်ရရှိပြီးပါက လွတ်လပ်ရေးပေးမည်ဟု ကတိပြုခဲ့သော်လည်း ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသည့်တိုင်အောင် လွတ်လပ်ရေးကိုပေးရန်ဆန္ဒမရှိဘဲ ဖက်ဆစ်စနစ်ဖြင့် တိုင်းရင်းသားပြည်သူများကို ဖိနှိပ်အုပ်ချုပ်ခဲ့ကြသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန်ပြင်ဆင်ခဲ့ကြသည်။

၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)ကို ဖွဲ့စည်းခဲ့သည်။ စစ်ကြီးပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ စစ်ရေးအရစစ်တိုင်းကြီး ရှစ်တိုင်းခွဲကာ ပြင်ဆင်ခဲ့ကြပြီးနောက် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ထုတ်ခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုများ၏ အောင်ပွဲဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ် နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ အင်္ဂလန်၌ လွတ်လပ်ရေးဆွေးနွေးသည့်အခါ လွတ်လပ်ရေးပေးပါက ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရန် ဆွေးနွေးခဲ့သည်။ ထိုအချိန်တွင် နယ်ချဲ့၏သွေးခွဲမှုကို လွဲမှားစွာလက်ခံခဲ့သော ရှမ်းစော်ဘွားတချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း အင်္ဂလန်နိုင်ငံဝန်ကြီးချုပ်ထံ ကြေးနန်းရိုက်အကြောင်းကြားခဲ့သည်။

ထို့ကြောင့် တောင်ကြီးနှင့် သီပေါမြို့တို့တွင် လူထုအစည်းအဝေးပွဲများပြုလုပ်ကာ ဗိုလ်ချုပ်အောင်ဆန်းမှာ ရှမ်းလူထုကိုယ်စားလှယ်ဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်၏ တောင်းဆိုချက်များကို ထောက်ခံကြောင်း ကြေးနန်းရိုက်အကြောင်းကြားခဲ့သည်။ သို့ဖြစ်ရာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုသောအခါ တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်း လွတ်လပ်ရေးပေးရန်ကိစ္စနှင့်ပတ်သက်၍ တောင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေးပြီး ဆုံးဖြတ်ချက်ရယူမည်ဆိုသော အချက်တစ်ချက်ကို စာချုပ်တွင်ထည့်သွင်းဖော်ပြခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပင်လုံမြို့၌ တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံညီလာခံကိုကျင်းပကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံတို့က အကြိမ်ကြိမ်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲများမှ တောင်တန်းနှင့် မြေပြန့်တစ်ပေါင်းတည်းလွတ်လပ်ရေးရယူမည်ဟူသော ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည့် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ချုပ်ဆိုနိုင်ခဲ့သည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သည့်နေ့ကို ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကိုအခြေခံ၍ ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းဝင်နေ့တစ်နေ့ဖြစ်သော ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၂၅ ခုနှစ်တွင် ၇၈ နှစ် ပြည့်မြောက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်များချမှတ်ကာ ကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဖြစ်သည်ဟု လက်ခံမှတ်ယူထားရမည့်သဘောထား ခံယူချက်ဖြစ်သည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေရန် ဝံသာနုရက္ခိတဆိုသည့် မိမိနိုင်ငံနှင့်မိမိလူမျိုးကို အစဉ်စောင့်ရှောက်နေကြရမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါးဖြစ်သည့် ဗြဟ္မစိုရ်တရားနှင့်အညီ စည်းလုံးညီညွတ်စွာနေထိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်နေကြရမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကိုချစ်မြတ်နိုးသောစိတ်ဓာတ်ဖြစ်သည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေသည့် ပြည်ထောင်စုစိတ်ဓာတ်ယိမ်းယိုင်ချည့်နဲ့သွားပါက နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထိပါးနိုင်သည်ကို သတိမူကြရမည်။

မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုများရရှိအောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြမှသာ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းသားပြည်သူအားလုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်နိုင်မည်ဖြစ်သည်။

သို့ပါ၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏အရေးဖြစ်သည့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စည်းလုံးညီညွတ်မှုစွမ်းအားများဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**
- **ပြည်ထောင်စုစိတ်ဓာတ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**
- **နေ့စဉ်ထုတ်သတင်းစာများ**

**ကိုယဉ်ချစ်(မန္တလေး)**

# မာဒါဂါစကားနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူသုံးဦးသေဆုံးပြီး လူဦးရေထောင်နှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်းနေရ



**အန်တာနာနာရီဗို ဇန်နဝါရီ ၂၂**

မာဒါဂါစကားနိုင်ငံ မြောက်ဘက်ပိုင်းတွင် ဇန်နဝါရီ ၂၁ ရက်က ဒီခီလီဒီဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူသုံးဦးသေဆုံးပြီး လူဦးရေထောင်နှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း International Federation of Red Cross and Red Crescent Societies (IFRC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး မုန်တိုင်းဒဏ်သင့်နေသည့် လူဦးရေ ၇၀၀၀ ကျော်ရှိနေကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာ အကူအညီလိုအပ်နေသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဖြင့် IFRC က မုန်တိုင်းဒဏ်သင့် ပြည်သူများကို ကူညီပေးလျက်ရှိကြောင်း၊ IFRC မှ ဝန်ထမ်းများက မာဒါဂါစကားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းများ တည်ဆောက်ပေးကာ နေရာချထားပေးလျက်ရှိကြောင်း၊ IFRC က မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆေးဝါးကုသမှု ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း IFRC က ထုတ်ပြန်ခဲ့သည်။

"ဒီခီလီဒီလို့ အမည်ပေးထားတဲ့ ဆိုင်ကလုန်းမုန်တိုင်းဟာ မာဒါဂါစကားနိုင်ငံ မြောက်ဘက်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းနေရတဲ့ ပြည်သူတွေ ထောင်နဲ့ချီပြီး ရှိနေပါတယ်။ မုန်တိုင်းဒဏ်သင့် ပြည်သူအယောက် ၇၀၀၀ ကျော်ထိ ရှိနေပါတယ်။ မုန်တိုင်းကြောင့် လူသုံးယောက် သေဆုံးခဲ့တယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေအတွက် ယာယီကယ်ဆယ်ရေးစခန်းတည်ဆောက်ပေးတာတွေ၊ ဆေးဝါးကုသမှု ပြုလုပ်ပေးတာတွေကို IFRC အနေနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု IFRC မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဗန်ကောက်မြို့တွင် လေထုညစ်ညမ်းမှု မြင့်တက်နေသဖြင့် ပြည်သူများကို နှာခေါင်းစည်းများတပ်ဆင်သွားလာရန်တိုက်တွန်း

**ဗန်ကောက် ဇန်နဝါရီ ၂၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော် အချို့နေရာများတွင် လေထုညစ်ညမ်းမှုများ မြင့်တက်နေသဖြင့် ပြည်သူများအနေဖြင့် ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုရန် ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးအဖွဲ့က ဇန်နဝါရီ ၂၁ ရက်တွင် တိုက်တွန်းထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်အုပ်ချုပ်ရေး ဧရိယာအတွင်း ယခုသီတင်းပတ် အစပိုင်းရက်များမှစ၍ PM 2.5 အမှုန်အမွှားများ လေထုထဲတွင်ပါဝင်မှုမှာ အန္တရာယ်ရှိနေသဖြင့် မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ဇန်နဝါရီ ၂၀ ရက်မှ ၂၁ ရက်အတွင်း ဝန်ထမ်းများကို နေအိမ်၌သာ အလုပ်လုပ်ကိုင်ကြရန် တိုက်တွန်းခဲ့ပြီးနောက် ယခုအခါ လေထုညစ်ညမ်းမှုအခြေအနေဆက်လက်ဖြစ်ပေါ်နေသဖြင့် ယနေ့မှ ဇန်နဝါရီ ၂၄ ရက်ထိ ဝန်ထမ်းများကို နေအိမ်၌နေ၍ အလုပ်လုပ်ခွင့်ပြုရန် ပုဂ္ဂလိကကုမ္ပဏီနှင့် အစိုးရအဖွဲ့အစည်းများကို ထပ်မံတိုက်တွန်းခဲ့ကြောင်း သိရသည်။

"မြို့တော်အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ ပုဂ္ဂလိကနဲ့ အစိုးရဝန်ထမ်းအားလုံးကို နေအိမ်မှာပဲနေပြီး ရုံးလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ တိုက်တွန်းပါတယ်။ ဒါမှ မြို့တော်ရဲ့လမ်းမတွေပေါ်မှာ ကားအရေအတွက် လျော့နည်းလိမ့်မယ်။ ကားတွေကထွက်တဲ့ မီးခိုးငွေ့က လေထုညစ်ညမ်းမှုဖြစ်စေဖို့ အဓိကပါဝင်နေပါတယ်"ဟု ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အက်ခ္ခာညီဖြမ်မရပါလာက ပြောကြားခဲ့သည်။

ဗန်ကောက်မြို့တော်အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ခရိုင် ၅၀ တွင် ဇန်နဝါရီ ၂၀ ရက်က လေထုညစ်ညမ်းမှုကြောင့် လိမ္မော်ရောင်အဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် အဆိုပါခရိုင်များထဲမှ နှစ်ခရိုင်တွင် အနီရောင်အဆင့်သို့ တိုးမြှင့်ခဲ့ရကာ ကျန် ၄၈ ခရိုင်မှာ လိမ္မော်ရောင်အဆင့်သတိပေးချက်တွင် ဆက်လက်ရှိနေကြောင်း ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အက်ခ္ခာညီဖြမ်မရပါလာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

# အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများကြောင့် လူ ၁၆ ဦးသေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိ

**ဂျကာတာ ဇန်နဝါရီ ၂၂**

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများကြောင့် ဇန်နဝါရီ ၂၁ ရက်ထိ လူ ၁၆ ဦး သေဆုံးပြီး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် လူငါးဦးပျောက်ဆုံးနေကြောင်း၊ လာမည့် ရက်အနည်းငယ်ထိ မိုးရွာသွန်းခြင်းများဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထုတ်ပြန်ခဲ့ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေး အေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် နေအိမ်များနှင့် မော်တော်ယာဉ်များပါ ရွှံ့ညွှန်များအောက်တွင် နစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး လမ်းများပေါ်တွင် အပျက်အစီးနှင့် ကျောက်တုံးများပြန့်ကျဲလျက်ရှိကာ ရာသီဥတုဆိုးရွားနေမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်လျက်ရှိကြောင်း ပီကာလောင်ဂန်မြို့ ရဲချုပ် ဒိုနီပရာကိုဆိုက ပြောကြားခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ် နိုဝင်ဘာလမှ ဧပြီလကြား မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပြိုမှုများဖြစ်ပွားလေ့ရှိသော်လည်း မကြာသေးမီနှစ်များမှစတင်၍ ရာသီဥတုပိုမိုဆိုးရွားလာခြင်းများကြောင့် အခြား ကာလများတွင်လည်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# တရုတ်(တိုင်ပေ)တွင် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၄ ဦးရှိလာ

**တိုင်ပေ ဇန်နဝါရီ ၂၂**

တရုတ်(တိုင်ပေ) တောင်ဘက်ပိုင်းတွင် ဇန်နဝါရီ ၂၁ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၄ ဦးရှိလာကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ကြောင့် ချီယာယီမြို့နှင့် တိုင်နန်မြို့တို့တွင် နေအိမ်များ ပျက်စီးခဲ့ပြီး နေအိမ်များပျက်စီးခဲ့မှုကြောင့် ဒေသခံ ၂၈ ဦး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကာ ယာယီရွက်ဖျင်တဲများဖြင့် နေထိုင်နေရကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ အတွင်းမှ ဒေသခံများကို အချိန်မီကယ်ထုတ်ပေးနိုင်ခဲ့ခြင်းကြောင့် သေဆုံးသူမရှိခဲ့ခြင်းဖြစ်ကြောင်း National Fire Agency က ထုတ်ပြန်ခဲ့သည်။

"ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်တွေပျက်စီးခဲ့သလို ခြောက်ထပ်ရှိတဲ့ လူနေတိုက်တစ်လုံးလဲ ပျက်စီးခဲ့တယ်။ ဒေသခံတွေကို အချိန်မီ ကယ်ထုတ်ပေးနိုင်ခဲ့လို့ သေဆုံးသူတော့ မရှိသေးပါဘူး။ ထိခိုက်ဒဏ်ရာရရှိသူ ၄၄ ယောက်ရှိခဲ့ပြီး ဆေးရုံကို ပို့ဆောင်ပေးထားပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူအများစု နေအိမ်ပျက်စီးလို့ ထိခိုက်ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။ နေအိမ်ပျက်စီးခဲ့လို့ ယာယီကယ်ဆယ်ရေးစခန်းမှာ ရွှေ့ပြောင်းနေထိုင်နေရတဲ့ ဒေသခံ ၂၈ ယောက်ရှိပါတယ်။ နန်စီအခြေခံပညာကျောင်းမှာ စာသင်ကျောင်းဆောင်တွေလဲ ပျက်စီးခဲ့တဲ့အတွက် ကျောင်းကို ယာယီပိတ်ထားရပါတယ်။ ငလျင်ဒဏ်သင့်နေအိမ်တွေကိုလဲ အသေးစိတ်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ အန္တရာယ်ရှိနိုင်တဲ့ အခြေအနေဆိုရင် ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးမှာဖြစ်ပါတယ်"ဟု National Fire Agency မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံတွင် နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး ဆီးနှင်းများထူထပ်စွာကျဆင်းနေ

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

အမေရိကန်နိုင်ငံ တောင်ဘက်ပိုင်းနယ်မြေများတွင် ဇန်နဝါရီ ၂၁ ရက်က နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး နှင်းမုန်တိုင်းကြောင့် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေကြောင်း National Weather Service က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နှင်းမုန်တိုင်းသည် တက္ကဆက်ပြည်နယ်တောင်ဘက်ပိုင်းမှစတင်ကာ ဂျော်ဂျီယာပြည်နယ်၊ ကာရိုလိုင်းနားမြောက်ဘက်ပိုင်းမှ ဗာဂျီးနီးယားပြည်နယ်ထိ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး နှင်းမုန်တိုင်းဒဏ်သင့်နေသည့် လူဦးရေ ၃၁ သန်းထက်မနည်းရှိကြောင်း၊ ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် လမ်းမများထက်တွင် နှင်းထုမှာ လေးလက်မထိ မြင့်တက်နေပြီး စံချိန်တင်ဆီးနှင်းကျဆင်းမှု ဖြစ်ကြောင်း၊ မှတ်တမ်းများအရ အမေရိကန်နိုင်ငံ၏ စတုတ္ထမြောက်ဆီးနှင်းထူထပ်စွာကျဆင်းမှုဖြစ်ပြီး လမ်းမကြီး အမြောက်အမြားကိုလည်း ယာယီပိတ်ထားရကြောင်း National Weather Service က ထုတ်ပြန်ခဲ့သည်။

"ကျွန်တော် ဟောက်စတန်မှာ နေလာတဲ့ သက်တမ်းတစ်လျှောက် အခုလောက်ထိ ဆီးနှင်းကျဆင်းတာမျိုး တစ်ခါမှမကြုံဖူးသေးဘူး။ နှင်းထုက တော်တော်လေးကို မြင့်နေတယ်။ မော်တော်ယာဉ်တွေ သွားလာလို့မရတဲ့ အခြေအနေလဲ ဖြစ်နေတယ်"ဟု ဟောက်စတန်မြို့မှ ကုမ္ပဏီပိုင်ရှင် အိုင်ရှန်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat







## ဝန်ထမ်းအလိုရှိသည်

- အထွေထွေ အမျိုးသမီး (၄)ဦး
  လစာ (၂၀၀၀၀၀)ကျပ်
- မီးဖိုချောင်အကူ အမျိုးသား (၂)ဦး
  လစာ (၂၂၀၀၀၀)ကျပ်
- စားပွဲထိုး အမျိုးသား (၃)ဦး
  လစာ (၂၀၀၀၀၀)ကျပ်

မှတ်ချက်။ စားရိတ်ငြိမ်း(ဆိုင်နေ၊ ဆိုင်စား)
မန္တလေးမြို့
၀၉-၉၆၉၂၅၂၄၁၄
၀၉-၇၉၄၁၈၃၈၃၃

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)နေ ဦးဆန်းလှိုင် + ဒေါ်နှင်းဦးတို့၏သားမောင်စည်သူလှိုင် (၉/မဟမ(နိုင်)၀၇၀၇၃၉)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးဆန်းလှိုင်(၅/ငဇန(နိုင်)၀၁၇၇၃၈)
ဒေါ်နှင်းဦး(၅/ငဇန(နိုင်)၀၅၇၃၆၇)

## ဝန်ထမ်းခေါ်ယူခြင်း

ချမ်းမြသာစည်မြို့နယ်၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)အသင်းရုံးတွင် တာဝန်ထမ်းဆောင်ရန် အမျိုးသားဝန်ထမ်း (၁)ဦး အလိုရှိသည်။

- Computer စာစီ/စာရိုက် ကျွမ်းကျင်နှင့် IT Knowledge, Email ကောင်းစွာစီမံ အသုံးပြုတတ်သူဖြစ်ရမည်။ (လုပ်ငန်းသဘောသဘာဝအရ ကားမောင်းတတ်ရမည်။)
- အသက် (၂၀)နှစ်မှ (၄၀)နှစ်အတွင်း
- ပညာအရည်အချင်း(ဘွဲ့ရ)
- Team Work နှင့် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- အလုပ်ချိန်(နံနက် ၉:၀၀ နာရီမှ ညနေ ၃:၀၀ နာရီ)ထိ
- အစိုးရရုံးပိတ်ရက်အတိုင်း ပိတ်သည်။
- လစာ (၂၅၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်)အတွင်း

စိတ်ပါဝင်စားသူများသည် **ဝန်ထမ်းလျှောက်လွှာ၊ Passport ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(မူရင်း)၊ ထောက်ခံစာမိတ္တူ(မူရင်း)၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ(မူရင်း)၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်း)နှင့်အတူ** အောက်ပါလိပ်စာအတိုင်း **(၂၃-၁-၂၀၂၅ ရက်နေ့မှ ၇-၂-၂၀၂၅)ရက်နေ့**အထိ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ။** ။ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ အကွက်(၄၀၆)၊ ကန်တော်ကြီးအရှေ့ဘက်၊ သံလျှက်မှော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၄၄၄၆၃၄၈၄၉

**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

## ပျောက်ဆုံးကြောင်း

မတ္တရာမြို့နယ်၊ စက်ထိပ်ရွာနေ မဇင်မာနွယ် (ဘ) ဦးသန်းစိုး (၉/မတရ(နိုင်)၂၁၂၃၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG–613178)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၈၆၄၁၄၉၀

## ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့နယ်၊ ကန်မိန်းကျေးရွာ၊ လွယ်ဝေါအုပ်စုနေ မအေးမတ် (ဘ) ဦးစိုင်းဒီယ(၁၃/တယန(နိုင်)၀၈၁၉၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME–415049)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၈၁၄၆၀၀၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၄)နေ မမြမြအေး (၉/မရမ(နိုင်)၀၉၁၄၀၈)၏ဖခင် ဦးသက်ထွန်း (ခ) ဦးမြင့်သန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသက်ထွန်း (ခ) ဦးမြင့်သန်း**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❖ GDPတွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDPသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံ တပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုတ်လတ်မြို့နယ် ပတုတ်ကျေးရွာ

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ထူးခြားသည့် ညအပူချိန်များ

(၂၂-၁-၂၀၂၅)

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၆၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရွှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဗုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် – နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု